ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ စနေနေ့ (11-1-2014) (၇၇၂၂)

**ထူးခြားသည့် ညအပူချိန်များ**

| | |
|---|---|
| ဟဲဟိုး | ၁ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၁ ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၂ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၂ ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၃ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၄ ဒီဂရီစင်တီဂရိတ် |

**ပြည်သူ့စွမ်းအားဖြင့်**
**နိုင်ငံတော်ကို**
**တည်ဆောက်အံ့**

# ပြိုင်ပွဲတိုင်းတွင် ရွှေတံဆိပ်ဆုများရယူပြီး နိုင်ငံနှင့်လူမျိုးအတွက် မိမိတို့၏ စွမ်းဆောင်နိုင်မှုကို ပြသ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင် မသန်စွမ်းအားကစားသမားများအား သွားရောက်နှုတ်ဆက်အားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ဝဏ္ဏသိဒ္ဓိ ပြေးခုန်ပစ်အားကစားကွင်းသို့ရောက်ရှိရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နေလင်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပမည့်အခြေအနေ၊ ပြိုင်ပွဲဝင်အားကစားသမားများအား စခန်းသွင်းလေ့ကျင့်နေမှုနှင့် ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ရည်မှန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြေးခုန်ပစ်လက်ရွေးစင်အားကစားသမားများ လေ့ကျင့်နေမှုကိုကြည့်ရှုပြီး အားကစားသမားများအား အားပေးစကားပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)တွင် ဘီးတပ်ဘတ်စကက်ဘော အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားနည်းပေါင်းစုံမှ အားကစားသမားများအား ရင်းနှီးခင်မင်စွာနှုတ်ဆက်ပြီး အားပေးစကားပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် နှစ်ပေါင်း(၄၄)နှစ်ကြာမှ ပြန်လည်ကျင်းပခွင့်ရခဲ့သည့် (၂၇)ကြိမ်မြောက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝဏ္ဏသိဒ္ဓိ ပြေးခုန်ပစ်အားကစားကွင်း၌ အားကစားသမားများကို အားပေးစကားပြောကြားစဉ်။**

(သတင်းစဉ်)



# နိုင်ငံနှင့်လူမျိုး ရေရှည်အကျိုးအတွက် စွန့်လွှတ်စွန့်စားဆောင်ရွက်လျက်ရှိပါသည်

**တွေ့ဆုံမေးမြန်း ›› မောင်ဆွေသောင်း**

နိုင်ငံတစ်ခု၏ ကြွယ်ဝချမ်းသာမှုကို တိုင်းတာရာတွင် ၎င်းနိုင်ငံရှိ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မှု စသည်တို့အပေါ်မူတည်ပြီး ဆုံးဖြတ်ကြပါသည်။

အလားတူ နိုင်ငံနှင့် ဒေသခံပြည်သူများအား တိုက်ရိုက်အကျိုးခံစားခွင့် ရရှိစေမည့်အပြင် ရေရှည်အကျိုးအမြတ်ရရှိစေသော စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်း ထည့်သွင်းတွက်ချက်ကြကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် မိမိနိုင်ငံ အကျိုးစီးပွားအတွက် ရေရှည်ခိုင်မာစေမည့် စီမံကိန်းများကို စနစ်တကျရွေးချယ်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့အနက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ နိုင်ငံတော်နှင့် ပြည်သူများအတွက် လတ်တလော ဆောင်ရွက်နေမှုများကိုသိရှိနိုင်ရန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးသန်းမင်းအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ပါသည်-

**မေး။ ။ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းအနေနဲ့ စီမံကိန်းလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနေတာနဲ့ပတ်သက်ပြီး ဘယ်လိုဘယ်ပုံဆောင်ရွက်နေတယ်ဆိုတာ ပထမဦးဆုံး ရှင်းပြပေးစေချင်ပါတယ်ခင်ဗျာ။**

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ✱**

**ပိုက်လိုင်းစီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။**



ကြေးမုံ စာတည်းရှုထောင့်  ၁၁-၁-၂၀၁၄၊ စနေနေ့

# မီးဘေးရှောင်မလောင်ခင်တား

ပွင့်လင်းရာသီရောက်လာခဲ့ပြီဖြစ်သည်။ ယခုပုံမှန်တိုက်ခတ်နေသော မြောက်ပြန်လေအေးမှ မကြာမီ ပူပြင်းခြောက်သွေ့သော လေပွေတိုက်ခတ်သည့် ကာလသို့ ရောက်တော့မည်ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံ၏ ရာသီကာလများ အတွင်း ကျရောက်တတ်သော သဘာဝဘေးအန္တရာယ်အမျိုးမျိုးအနက် မီးဘေးအန္တရာယ်ကျရောက်တတ်သောကာလဖြစ်၍ အထူးသတိထားကြ ရမည်ဖြစ်သည်။

နေ့စဉ်ထုတ်သတင်းစာများတွင်လည်း မီးဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့နေရသည်ကို တွေ့မြင်နေရသည်။ မီးဟူသည် သုံးတတ်လျှင် အကျိုး ဖြစ်၍ မသုံးတတ်လျှင် ဘေးဖြစ်စေတတ်သောအရာဖြစ်သည်။ လူဖျက်လျှင် အစုတ်ကျန်နိုင်သော်လည်း မီးဖျက်လျှင် အပြုတ်နှံနိုင်ပြီး အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးရနိုင်သည်ကို သတိမူသင့်သည်။

သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်တတ်သော မီးဘေး အန္တရာယ်ကို ယခုလိုရာသီ ကာလတွင် ပြည်သူများအားလုံး အထူးသတိထား ကြရမည်ဖြစ်သည်။ အရာရာတွင် မဖြစ်ခင်က ကြိုတင်ကာကွယ်တားဆီးခြင်း သည် အကောင်းဆုံးဖြစ်သည်။

မီးလောင်တတ်သည့်အရာများကို ကိုင်တွယ်အသုံးပြုရာတွင် မမေ့မလျော့ အထူးသတိထား ဆောင်ရွက်ကြရမည်ဖြစ်သည်။ မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းများတွင် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေမိသဖြင့် မီးလောင် ကျွမ်းမှုဖြစ်ပွားတတ်ရာ ပေါ့ဆမီးကို ဂရုစိုက်ကြရမည်ဖြစ်သည်။

မီးလောင်တတ်သော နေရာများတွင် မီးဘေးကာကွယ်ရေးပစ္စည်းများကို ကြိုတင်ထားရှိရမည်ဖြစ်ပြီး မီးမလောင်နိုင်သော်လည်း မြို့ရွာ၊ အဆောက် အအုံနေရာများတွင် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံး၊ မီးသတ်ရေကန်များ ထားရှိ ပေးဖို့ လိုအပ်သည်။ ထို့အပြင် မီးသတ်ဆေးဘူးများကို ဆောင်ထားရာတွင် ဆီကြောင့်လောင်သောမီး၊ လျှပ်စစ်ကြောင့်လောင်သောမီး၊ ရိုးရိုးလောင်သော မီးဟူ၍ ခွဲခြားပြီး ဆေးဘူးအမျိုးမျိုးထားရှိသင့်သည်။ ထို့အပြင် မီးသတ်ဆေးဘူး သုံးစွဲမှုကို သက်ဆိုင်ရာကျွမ်းကျင်သူတို့၏ ကူညီလမ်းပြမှုဖြင့် လိုက်နာ ဆောင်ရွက်သင့်ကြသည်။

ကျေးလက်ဒေသများတွင် ယခုကဲ့သို့ ပူပြင်းခြောက်သွေ့သောရာသီများ၌ အလွယ်တကူလောင်ကျွမ်းတတ်သော ကောက်ရိုးမီး၊ မြက်ခြောက်မီးတို့ကို အထူးသတိထားရန် လိုအပ်သည်။ မိမိတို့သောက်သုံးသော ဆေးလိပ်တိုများကို အလွယ်တကူ မပစ်မိဖို့လိုသည်။ ထို့အပြင် လောင်ကျွမ်းတတ်သော အဆိုပါ လောင်စာများကို ကြိုတင်ရှင်းလင်းထားပြီး ဘေးလွတ်ရာတွင် ထားရှိခြင်း၊ ဖျက်ဆီးခြင်းတို့ ပြုလုပ်သင့်သည်။

မြို့ရွာရပ်ကွက်များ၊ အထူးသဖြင့် ဆင်ခြေဖုံးရပ်ကွက်များတွင် ကျဉ်းမြောင်းသောလမ်းများနှင့် မလွတ်လပ်သော အရာပစ္စည်းများကို ကြိုတင် ဖယ်ရှားခြင်း၊ ချဲ့ထွင်ထားခြင်းပြုသင့်သည်။ အချို့မီးလောင်ကျွမ်းမှုများတွင် မီးသတ်ယာဉ် မဝင်ရောက်နိုင်သောကြောင့် မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရသော အဖြစ်ဆိုးများနှင့်လည်း ကြုံဖူးသည်။

ထို့မျှသာမက ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို မည်သို့ကိုင်တွယ် ဆောင်ရွက်ရမည်ကို ကြိုတင်ပြင်ဆင်စီမံထား ရှိသင့်သည်။ မီးငြိမ်းသတ်ရေးနှင့်သက်ဆိုင်သော စက်ပစ္စည်းများကို ကြိုတင် စစ်ဆေးပြီး အသင့်အနေအထားဖြစ်အောင် ဆောင်ရွက်ထားသင့်သည်။ လောင်စာဆီများ သိုလှောင်ထားရှိခြင်းကို အထူးဂရုစိုက်ရန်၊ လူနေအိမ်နှင့် မီးလောင်လွယ်သော ပစ္စည်းများနှင့်ဝေးအောင် ထားရှိကြရမည်ဖြစ်သည်။

သက်ဆိုင်ရာများမှလည်း မီးဘေးကာကွယ်ရေးအတွက် ကြိုတင်အသိ ပညာပေးခြင်း၊ ကြည့်ရှုစောင့်ရှောက်ပေးခြင်း၊ မီးဘေးကာကွယ်ရေးဆိုင်ရာ ယာဉ်၊ စက်၊ လူနှင့်လိုအပ်သော ကိစ္စအဝဝတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေး ခြင်းတို့အား ဆောင်ရွက်ထားသင့်သည်ကို တွေ့ရှိသည်။

သတိမထားမိလျှင် မညှာမတာ ရက်စက်တတ်သော မီးဟူသည့် အန္တရာယ်ကို ပြည်သူအားလုံးက အထူးသတိထား ကြိုတင်ဆင်ခြင်သွားကြရန် လိုအပ်သည်။ မီးလောင်မှ နောင်တသံဝေဂရခြင်း၊ စိတ်ဆင်းရဲ၊ ကိုယ် ဆင်းရဲခြင်းမဖြစ်ရအောင် မီးဘေးရှောင် မလောင်ခင်တားကြဖို့ တိုက်တွန်း အပ်ပါသည်။ ။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန်  ဇန်နဝါရီ ၁၀

| | | |
|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၅၄၈၀၀ | - ၆၅၅၈၀၀ |
| မန္တလေး ရွှေဈေး | ၆၅၄၃၀၀ | - ၆၅၅၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ | ကျပ် |
| (ခ) | အောက်တိန်း95 | တစ်လီတာ | ၁၀၉၀ | ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်လီတာ | ၉၂၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၈၆. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၄၁. ၆ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၅. ၇၄ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၂. ၈၄ |
| (င) | ထိုင်း | တစ်ဘတ် | = ၂၉. ၈၃၈ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၀. ၉၃ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၈၇၉ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၉၃၉. ၉၉ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၇၃၉ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၆. ၁၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

## အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အဖွဲ့အစည်းများ ဖွဲ့စည်းထားမှုအခြေအနေ

နေပြည်တော်  ဇန်နဝါရီ  ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဒီမို ကရေစီနိုင်ငံအဖြစ် ကူးပြောင်းပြီးနောက်ပိုင်း ပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မိမိတို့နိုင်ငံမှ လက်ခံကျင့်သုံးထား သော အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) ၏ ပြဋ္ဌာန်းချက်အမှတ် (၈၇)ဖြစ်သည့် လွတ်လပ်စွာအသင်း အဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ အလုပ် သမားအဖွဲ့အစည်းဥပဒေအား ၂၀၁၁ ခုနှစ် အောက် တိုဘာ ၁၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေ၏ နည်းဥပဒေများကိုလည်း ၂၀၁၂ ခုနှစ် မတ် ၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဥပဒေသည် ၂၀၁၂ ခုနှစ် မတ် ၉ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး ဥပဒေအရ နိုင်ငံတော်သမ္မတက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်အား မှတ်ပုံတင်အရာရှိချုပ်အဖြစ် ၂၀၁၂ ခုနှစ် မတ် ၉ ရက်တွင် ခန့်အပ်ခဲ့ပြီး မှတ်ပုံတင်အရာရှိချုပ်က ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ အခြေခံအလုပ်သမားအဖွဲ့ အစည်း ၈၇၃ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၂၃ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် နှစ်ဖွဲ့တို့အား ဥပဒေနှင့်အညီ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါဥပဒေပုဒ်မ ၈ တွင် အလုပ်ရှင်များသည်လည်း အလုပ်ရှင်အဖွဲ့အစည်းများကို ဤဥပဒေအရ အပြိုင် ဖွဲ့စည်းနိုင်သည်ဟု ပြဋ္ဌာန်းထားသဖြင့် အလားတူကာလ အထိ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၁ ဖွဲ့၊ မြို့နယ် အလုပ်ရှင်အဖွဲ့အစည်းတစ်ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့ချုပ် တစ်ဖွဲ့တို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ ပြီးဖြစ်သည်။

အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အခြေခံအလုပ် သမားအဖွဲ့အစည်း၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့ အစည်း၊ အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းရမည် ဖြစ်သည်။

ထို့အပြင် အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေ ၄(စ) ခြွင်းချက်အရ လုပ်ငန်းကဏ္ဍ၏ သဘာဝအရ လုပ်ငန်းဌာန သို့မဟုတ် ပထဝီနယ်မြေကိုအခြေခံ၍ အလုပ် သမားအဖွဲ့အစည်းများ ဖွဲ့စည်း၍မရသည့် ပင်လယ်ရေ ကြောင်းလုပ်ငန်းကဏ္ဍတွင်သာ အဖွဲ့ချုပ်ကို တိုက်ရိုက် ဖွဲ့စည်းနိုင်ကြောင်း ပြဋ္ဌာန်းထားသဖြင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများနှင့် ပတ်သက်သည့်အလုပ် သမား၊ အလုပ်ရှင်အဖွဲ့ချုပ်များကိုသာ မှတ်ပုံတင်အရာရှိ ချုပ်မှ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အလုပ် သမား၊ အလုပ်ရှင်အဖွဲ့ချုပ်အဖြစ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားပါကြောင်းသိရသည်။

(သတင်းစဉ်)

## လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများဆွေးနွေး

နေပြည်တော်  ဇန်နဝါရီ  ၁၀

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဝင်းနှင့် ဗြိတိန်နိုင်ငံ လူ့အခွင့် အရေးနှင့် ဓနသဟာယနိုင်ငံများရုံးမှ ကိုယ်စားလှယ် Mr.Paul Green နှင့် အဖွဲ့တို့သည် ယနေ့ မွန်းလွဲ ၂ နာရီ တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ကော်မတီ အဆောင်အမှတ်(၁)၌တွေ့ဆုံ၍ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများ၊ ပြောင်းလဲကျင့်သုံးနေသည့် စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်လာသော ဥပဒေပြုရေးဆိုင်ရာ ကိစ္စများ၊ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် လွှတ်တော် အတွင်း၊ လွှတ်တော်ပြင်ပ ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## နံရံကပ်စာပေရေချမ်းစင်များ လှူဒါန်း

ရန်ကုန်  ဇန်နဝါရီ ၁၀

ပြည်သူများ သွားလာလှုပ်ရှားရင်း အားလပ်ချိန်များ စာပေဖတ်ရှု လေ့လာနိုင်စေရန် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသော အားဖြင့် ဦးစံဝင်းမိသားစုက မင်္ဂလာဒုံ အောက်ဈေးနှင့် တပ်စည်ပင်လိုင်းတို့ တွင် နံရံကပ်စာပေရေချမ်းစင်များ လှူဒါန်းပေးခဲ့သည်။ အလားတူ မင်္ဂလာဒုံ မြို့နယ်အတွင်း အခြား အလှူရှင်များကလည်း လှူဒါန်းခဲ့ ကြရာ နံရံကပ်စာပေရေချမ်းစင် ၃၁ ခု ရှိပြီဖြစ်ကြောင်း သိရ သည်။

(ဇင်ငြိမ်းအိ)




### ☆ ပြိုင်ပွဲတိုင်းမှ

ဆီးဂိမ်းပြိုင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ပြိုင်ပွဲကြီးကို အောင်အောင်မြင်မြင်ဖြင့် အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည့်မိမိတို့နိုင်ငံအား အာဆီယံနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများကပါ အသိအမှတ်ပြုချီးကျူးဂုဏ်ပြုခဲ့ကြပါကြောင်း၊ ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ခြင်းနှင့်အတူ မိမိတို့၏လက်ရွေးစင်အားကစားသမားများသည်လည်း နိုင်ငံအလိုက်ဒုတိယဆုရသည်အထိ ဆုတံဆိပ်များစွာ ရရှိအောင်စွမ်းဆောင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြပါကြောင်း။

ဆီးဂိမ်းပြိုင်ပွဲကိုလက်ခံကျင်းပသည့် နိုင်ငံတိုင်းသည် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဆက်လက်လက်ခံကျင်းပရလေ့ရှိသည့်အတိုင်း မကြာမီကာလတွင် မိမိတို့မြေ၌(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည်ဖြစ်ပါကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲကျင်းပပြီးဖြစ်သည့်အတွက် ယခုကျင်းပမည့် မသန်စွမ်းအားကစားပြိုင်ပွဲကျင်းပရန်အတွက် အားကစားကွင်း၊ အားကစားရုံများမှာ အဆင်သင့်ရှိနေပြီဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော်အနေဖြင့်လည်း ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေး၊ ပြိုင်ပွဲဝင်အားကစားသမားများ အောင်မြင်မှုရရှိရေးတို့အတွက် လိုလေသေးမရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း။

ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် ပြိုင်ပွဲတိုင်းတွင် ရွှေတံဆိပ်ဆုများရယူပြီး နိုင်ငံနှင့်လူမျိုးအတွက် မိမိတို့၏စွမ်းဆောင်နိုင်မှုကို ပြသနိုင်ရန်၊ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းကြစေလိုကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ပရိသတ်ရှေ့မှောက်၌ စိတ်ဓာတ်ခိုင်မာမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ လေ့ကျင့်သားပြည့်ဝမှုနှင့် ကြိုးစားအားထုတ်မှုတို့ဖြင့် ပြိုင်ပွဲတိုင်းတွင် သန့်သန့်ရှင်းရှင်းယှဉ်ပြိုင်အနိုင်ယူကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လေ့ကျင့်ရေးစသည့် အုပ်ချုပ်မှုကိစ္စအဝဝကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ ပြိုင်ပွဲတွင်ဆုတံဆိပ်ရရှိသူများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ပါကြောင်းဖြင့် တိုက်တွန်းအားပေးသည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း၊ အားကစားရုံများတွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် မြားပစ်၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ စစ်တုရင်၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ ငါးယောက်တစ်ဖက်ဘောလုံး၊ ဂိုးလ်ဘော၊ အလေးမ၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘောနှင့်ဘီးတပ်ဘတ်စကက်ဘောဟူသည့် အားကစားနည်း ၁၂ မျိုးကို ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံ ၁၁ နိုင်ငံမှ မသန်စွမ်းအားကစားသမား ၁၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အားကစားသမား ၂၁၃ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲများတွင် မြန်မာ့မသန်စွမ်းအသင်းပြိုင်ပွဲအလိုက်ပါဝင်ယှဉ်ပြိုင်ခဲ့မှုနှင့် ဆုတံဆိပ်ရရှိမှု အခြေအနေ

| စဉ် | ပြိုင်ပွဲ အကြိမ် | ကျင်းပသည့် ခုနှစ် | ကျင်းပသည့် နိုင်ငံ | အားကစား သမား | ဆုရရှိမှု ရွှေ | ငွေ | ကြေး | နိုင်ငံအလိုက် အဆင့် |
|---|---|---|---|---|---|---|---|---|
| ၁ | ပထမအကြိမ် | ၂၀၀၁ | မလေးရှား | ၃၁ | ၄၃ | ၂၃ | ၁၁ | ၃ |
| ၂ | ဒုတိယအကြိမ် | ၂၀၀၃ | ဗီယက်နမ် | ၂၆ | ၂၄ | ၁၂ | ၁၁ | ၄ |
| ၃ | တတိယအကြိမ် | ၂၀၀၅ | ဖိလစ်ပိုင် | ၂၂ | ၂၉ | ၁၃ | ၄ | ၅ |
| ၄ | (၄)ကြိမ်မြောက် | ၂၀၀၈ | ထိုင်း | ၂၅ | ၁၄ | ၁၆ | ၂၁ | ၆ |
| ၅ | (၅)ကြိမ်မြောက် | ၂၀၀၉ | မလေးရှား | ၂၅ | ၁၄ | ၁၉ | ၇ | ၅ |
| ၆ | (၆)ကြိမ်မြောက် | ၂၀၁၁ | အင်ဒိုနီးရှား | ၃၆ | ၁၁ | ၉ | ၁၄ | ၆ |

**နိုင်ငံကြီးသားပီသစွာ အခွန်ထမ်းဆောင်တာ**
**စားသုံးပြီးက ပြေစာဖြတ် အခွန်ပါပြီးမှတ်**

## ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များရောင်းချပွဲ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၄ ခုနှစ် မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ယနေ့ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ရောင်းချပွဲကို ဇန်နဝါရီ ၆ ရက်မှစ၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့ရာ ဇန်နဝါရီ ၉ ရက်ထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်မျက်အတွဲ ၁၅၇ တွဲကို ပြသရောင်းချခဲ့ရာ အတွဲပေါင်း ၁၀၄ တွဲရောင်းချခဲ့ရပြီး ကျောက်စိမ်းအတွဲအမှတ်(၁)မှ ၁၄၀၀ ထိကို ပြသရောင်းချခဲ့ရာ အတွဲပေါင်း ၆၆၅ တွဲ ရောင်းချခဲ့ရသည်။

ယနေ့တွင်လည်း ကျောက်စိမ်းအတွဲအမှတ် ၁၄၀၁ မှ ၂၈၃၉ ထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲဝယ်ယူလိုသူများက ကျောက်စိမ်းအတွဲများအား မိမိတို့စိတ်ကြိုက်လွတ်လပ်စွာကြည့်ရှုကြပြီး တင်ဒါပုံးများအတွင်းသို့ အဆိုပြုလွှာများကို ထည့်သွင်းကြရာ မွန်းလွဲ ၁ နာရီတွင် တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးပြီး တင်ဒါအောင်မြင်သူများအား ကြေညာပေးခဲ့ကြသည်။

ရောင်းချပွဲတွင် ဗဟိုကော်မတီ၏ကြီးကြပ်မှုဖြင့် ကျောက်မျက်၊ ကျောက်စိမ်းအတွဲများဝယ်ယူသူများအနေဖြင့် စပေါ်ငွေပေးချေနိုင်ရန် မဏိရတနာကျောက်စိမ်းခန်းမ၌ AGD Bank မှ ငွေလက်ခံဌာနဖွင့်လှစ်ပေးထားသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေဖြင့် ယခုကဲ့သို့ကျင်းပပေးခြင်းဖြင့် ပြည်တွင်းရှိ ကျောက်မျက်၊ ကျောက်စိမ်း အရောင်းအဝယ်ထည်လုပ်ငန်းရှင်များ စီးပွားတိုးတက်လာပြီး ၎င်းတို့အလုပ်သမားများလည်း အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိစေမည်ဖြစ်သည်။

ယင်းအသားကျောက်များကို အချောထည်ပြုလုပ်ခြင်းအားဖြင့် တန်ဖိုးရှိသောအရည်အသွေးကောင်း ကျောက်များ အောင်မြင်နိုင်ပြီး နိုင်ငံတော်က မျှော်မှန်းထားသည့် ကျောက်စိမ်းအချောထည်ဈေးကွက်ကြီး ပိုမိုကျယ်ပြန့်ဖြစ်ထွန်းလာနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

## စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၂) မွမ်းမံသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၁၀ ။ ။ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၂)မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၁၃)ဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၌ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင် တက်ရောက်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

## သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၅၊၆ ရက် ၂၀၁၄ ခုနှစ် (ဇန်နဝါရီ ၂၀၊ ၂၁ ရက်) (တနင်္လာ၊ အင်္ဂါနေ့)များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် ၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက် (၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက်) တနင်္ဂနွေနေ့ နောက်ဆုံးထား၍ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများအချိန်မီ မရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)



## မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ (၁/၂၀၁၄) အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ (ASCC) (၁/၂၀၁၄) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဥက္ကဋ္ဌ ဦးအေးမြင့်ကြူ၊ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီအဖွဲ့ဝင် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဌာနများမှ Focal Person များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဥက္ကဋ္ဌ ဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေစဉ်ကာလအတွင်း ယဉ်ကျေးမှုဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနခြောက်ခု၏ အစည်းအဝေး (၃၁)ကြိမ် ကျင်းပရန်ရှိသည့်အတွက် တက်ရောက်မည့် အာဆီယံနိုင်ငံများသို့ အချိန်မီအသိပေးရန်လိုအပ်သကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပေးပို့ထားသော (National Calendar)ယာယီရေးဆွဲထားသည့် အစည်းအဝေးပြက္ခဒိန်၌ မိမိတို့သက်ဆိုင်ရာ အစည်းအဝေးများ ပါဝင်မှု ရှိ၊ မရှိ စိစစ်ပေးရန်လိုအပ်ပါကြောင်း။

ASCC အစည်းအဝေးကျင်းပရေးဆိုင်ရာ ဆပ်ကော်မတီ ၁၂ ခုတွင် ပါဝင်သည့် ဥက္ကဋ္ဌဝန်ကြီးများနှင့် အတွင်းရေးမှူးများက ဦးဆောင်ပြီး ၂၀၁၄ ခုနှစ် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုမဏ္ဍိုင်အောက်၌ ကျင်းပမည့် အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ရန်၊ ထောက်ခံနယ်ပယ်များဖြစ်သော MPR ဆိုင်ရာ ထောက်ခံချက်များကို ဆက်လက်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီများ တည်ထောင်ဖွဲ့စည်းရန်၊ (၂၃)ကြိမ်မြောက် အာဆီယံအစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်များအပေါ် စီမံချက်များရေးဆွဲရန်၊ ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာများကို အပြီးသတ်ရေးဆွဲရန်၊ ASCC အောက်တွင် ထုတ်ပြန်ခဲ့သည့် ဘန်ဒါဆရီဘီဂါဝန်တွင် လူငယ်အလုပ်အကိုင်ရရှိရေး ကြေညာချက်ပါ စီမံချက်များရေးဆွဲရန်၊ သဘာဝဘေးစီမံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် ရေအရင်းအမြစ်ထိန်းသိမ်းမှုနှင့် စီမံခန့်ခွဲရေးများ ဆောင်ရွက်ရန်၊အာဆီယံဒေသခွဲဆိုင်ရာ မီးခိုးမြူငွေ့စစ်တမ်းကောက်ယူရေး စနစ်တကျချမှတ်ရန်နှင့် အမျိုးသမီးများနှင့် ကလေးများအား အကြမ်းဖက်မှုပပျောက်ရေး၊ ဘန်ဒါဆရီဘီဂါဝန်ကြေညာချက်ပါ လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန် စသည်တို့ကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ ASCC ညှိနှိုင်းရေးအစည်းအဝေးများကို လစဉ်ပုံမှန်ကျင်းပညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် မေလနှင့်နိုဝင်ဘာလများတွင် ကျင်းပမည့် ASEAN Summit များ၌ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ပေးသွားရန် လိုပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် တက်ကြွစွာ အင်တိုက်အားတိုက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။ (သတင်းစဉ်)



# လက်နက်ထုတ်လုပ်နိုင်သည့်အဆင့်ရှိ ဓာတုပစ္စည်းများ ဆီးရီးယားနိုင်ငံက ပထမဆုံး လွှဲပြောင်းပေးအပ်

ဒမတ်စကတ်   ဇန်နဝါရီ   ၁၀

**ဓာတုလက်နက်ထုတ်လုပ်ရာ၌ အသုံးပြုနိုင်သော ဓာတုဗေဒပစ္စည်းများကို စွန့်လွှတ်ရန် ဆီးရီးယားနိုင်ငံက သဘောတူညီခဲ့ပြီးနောက် ယင်းနိုင်ငံက ပထမဆုံးအကြိမ် လွှဲပြောင်းပေးအပ်သော ဓာတုဗေဒပစ္စည်းများကို နိုင်ငံပြင်ပသို့ သယ်ဆောင်သွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁၀ရက်တွင် သတင်းထုတ်ပြန်သည်။**

ဓာတုလက်နက် ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သော ဓာတုပစ္စည်းများကို ဆီးရီးယားအစိုးရအဖွဲ့က လွှဲပြောင်းပေးလျက်ရှိကြောင်း၊ ပထမဆုံးအကြိမ် လွှဲပြောင်းပေးအပ်သော ဓာတုဗေဒပစ္စည်းများကို လာတာကီရာ ပင်လယ်ဆိပ်ကမ်းသို့ သယ်ဆောင်လာခဲ့ပြီးနောက် တာဝန်ရှိသူများက စစ်ဆေးအတည်ပြုကာ ဒိန်းမတ်နိုင်ငံမှ ကုန်သွယ်ရေကြောင်း သင်္ဘောတစ်စင်းပေါ်သို့ တင်ဆောင်ခဲ့ကြောင်း လက်နက်ဖျက်သိမ်းရေး လုပ်ငန်းကို ကြီးကြပ်ကွပ်ကဲသော ပူးတွဲအဖွဲ့တစ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ထောက်ခံသော သဘောတူညီချက်တစ်ရပ်အရ ဆီးရီးယားနိုင်ငံမှ လက်နက်ထုတ်လုပ်နိုင်သောအဆင့်ရှိ ဓာတုဗေဒပစ္စည်းများကို နိုင်ငံပြင်ပ၌ ဖျက်ဆီးပစ်ရန် စီစဉ်ထားသည်။

ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ အစီအစဉ်အရ ပေါ်ထွက်လာခဲ့သော သဘောတူညီချက်အရ ဆီးရီးယားနိုင်ငံသို့ ၂၀၁၃ ခုနှစ် နှစ်ကုန်နောက်ဆုံးထား၍ ဓာတုလက်နက်ထုတ်လုပ်နိုင်သည့်အဆင့်ရှိ ဓာတုဗေဒပစ္စည်းများကို လွှဲပြောင်းပေးအပ်ရမည်ဖြစ်သည်။

ဆီးရီးယားနိုင်ငံက လွှဲပြောင်းပေးအပ်သော ဓာတုဗေဒပစ္စည်းများကို ယခုနှစ် နှစ်လယ်ထက် နောက်မကျဘဲ နိုင်ငံတကာ လက်နက်ဖျက်သိမ်းရေးအဖွဲ့က ဖျက်ဆီးပစ်မည်ဖြစ်သည်။

ယခုလွှဲပြောင်းပေးအပ်သော ဓာတုဗေဒပစ္စည်းများကို လာတာကီရာ ပင်လယ်ဆိပ်ကမ်းမှ အီတလီနိုင်ငံရှိ ပင်လယ် ဆိပ်ကမ်းတစ်ခုသို့ ပို့ဆောင်မည်ဖြစ်ကြောင်း၊ ယင်းဆိပ်ကမ်း၌ ဓာတုဗေဒပစ္စည်းများကို အမေရိကန်ရေတပ် သင်္ဘောတစ်စင်းသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ပြီး ပင်လယ်ပြင်အတွင်း ဖျက်ဆီးပစ်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ပီတီအိုင်။**



ဆီးရီးယားနိုင်ငံမှ ဓာတုပစ္စည်းများကို နိုင်ငံပြင်ပသို့ သယ်ဆောင်ရာတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက စောင့်ရှောက်ပေးစဉ်။

# တရုတ်နိုင်ငံ၏ ရေလုပ်ငန်းဆိုင်ရာဥပဒေသစ် ဖိလစ်ပိုင်နိုင်ငံ ရှုတ်ချဟု ကြေညာချက်ထုတ်ပြန်

**မနီလာ   ဇန်နဝါရီ   ၁၀**

တောင်တရုတ်ပင်လယ်ပြင်၏ ကျယ်ပြောလှသော ရေပြင်အတွင်း ငါးဖမ်းဆီးသော နိုင်ငံခြားငါးဖမ်းရေယာဉ်များသည် တရုတ်ဒေသဆိုင်ရာ အာဏာပိုင်များထံမှ ခွင့်ပြုချက်ရယူရန် ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းလိုက်ခြင်းနှင့်ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံက ဇန်နဝါရီ ၁၀ ရက်တွင် ရှုတ်ချလိုက်ကြောင်း ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ် ပြည်သူ့ညီလာခံက ထုတ်ပြန်လိုက်သော ရေလုပ်ငန်းဆိုင်ရာ ဥပဒေသစ်နှင့်ပတ်သက်၍ ချက်ချင်းရှင်းလင်းချက်ပေးရန် မိမိတို့ကတရုတ်အစိုးရအဖွဲ့ကို မေတ္တာရပ်ခံကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

တောင်တရုတ်ပင်လယ်ပြင်အတွင်း ငါးဖမ်းခြင်းသို့မဟုတ် သုတေသနပြုလေ့လာခြင်းတို့မပြုလုပ်မီ နိုင်ငံခြားငါးဖမ်းရေယာဉ်များအနေဖြင့် တရုတ်ဒေသဆိုင်ရာ အာဏာပိုင်များထံမှ ခွင့်ပြုချက်ရယူရမည်ဆိုသော ဥပဒေစည်းမျဉ်းသစ်နှင့်ပတ်သက်၍ မိမိတို့ စိုးရိမ်ပူပန်ဖြစ်မိကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါဥပဒေသစ်ကို လွန်ခဲ့သည့်နှစ်တွင် အတည်ပြုချမှတ်ခဲ့ပြီး ဇန်နဝါရီ ၁ရက်တွင် ဥပဒေအဖြစ် စတင်အာဏာသက်ဝင်လာသည်။

တောင်တရုတ်ပင်လယ်၏ နယ်မြေဒေသ အားလုံးနီးပါးကို တရုတ်နိုင်ငံက အချုပ်အခြာအာဏာပိုင်စိုးသည်ဟူသော ပြောဆိုချက်ကို ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဘရူနိုင်းနှင့် တရုတ်(တိုင်ပေ)တို့က ကန့်ကွက်လျက်ရှိကြသည်။

မကြာသေးမီနှစ်များမှစ၍ တောင်တရုတ်ပင်လယ်၌ ရေကြောင်းပိုင်နက် အငြင်းပွားမှုများ ဖြစ်ပွားခဲ့ပြီး ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံအကြား တင်းမာမှုများ ပေါ်ပေါက်ခဲ့သည်။

တရုတ်နိုင်ငံက နိုင်ငံခြားငါးဖမ်းရေယာဉ်များအား ထိန်းချုပ်ကန့်သတ်ခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။ **ပီတီအိုင်။**

# ကင်ညာနိုင်ငံတွင် ဆရာဝန်၏လူသေ အသက်ရှင်

**နိုင်ရိုဘီ   ဇန်နဝါရီ   ၁၀**

ကင်ညာနိုင်ငံ၏ ဆေးရုံတစ်ရုံတွင် သေဆုံးသွားပြီဟု ကြေညာထားသည့် လူတစ်ယောက်သည် ရင်ခွဲရုံ၌ နောက်နေ့တွင် အသက်ရှင်နိုးထလာခဲ့ရာ မည်ကဲ့သို့ဖြစ်ပျက်သည်ကို အာဏာပိုင်များက စတင်စုံစမ်းစစ်ဆေးပြီဖြစ်ကြောင်း သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

နာအီဗာရှာဆေးရုံတွင် လူသေအလောင်းသည် လှုပ်ရှားကာ အသက်ရှူနေခြင်းကို မြင်တွေ့ရသဖြင့် အအေးတိုက်အလုပ်သမားများသည် အထိတ်တလန့်ထွက်ပြေးကြသည်။

ပိုးသတ်ဆေးသောက်၍ ကိုယ့်ကိုယ်ကိုယ်သတ်သေရန် ကြိုးစားသော ၎င်းအမျိုးသားကို သောကြာနေ့ညသည် သေဆုံးပြီဟု ကြေညာခဲ့သည်။

၎င်းကိုကုသရာတွင် အသုံးပြုခဲ့သောဆေးသည် နှလုံးခုန်ခြင်းကို နှေးကွေးစေသဖြင့် မှားယွင်းသွားခြင်းဖြစ်နိုင်ပါသည်ဟု တာဝန်ရှိဆရာဝန်ကပြောကြားသည်။

ဆေးကြောင့်ဆရာဝန်ကစမ်းသပ်ရာမှာ ရောထွေးသွားခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အလောင်းကိုဆေးရည်မစိမ်မီ အသက်ကယ်တင်နိုင်ခဲ့ကြောင်း နာအီဗာဇာခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဂျိုးဇက်အမ်ဘူရူက ပြောကြားသည်ဟု ကင်ညာစတင်းဒတ်သတင်းစာက ကိုးကားဖော်ပြသည်။

၎င်း၏ဖခင်နှင့်ဆွေမျိုးများသည် ကြာသပတေးနေ့ နံနက်ခင်းတွင် ၎င်း၏အလောင်းကိုလာရောက်ကြည့်ရှုကြပြီးနောက် သင်္ဂြိုဟ်ရေးကိစ္စစီစဉ်ရန်အတွက် အိမ်ပြန်သွားခဲ့ကြသည်။

ညနေပိုင်း၌ သူအသက်ပြန်ရှင်လာကြောင်း သိလိုက်ရသည့်အခါ တုန်လှုပ်ချောက်ချားသွားပါသည်ဟု ၎င်း၏ဖခင်က ပြောကြားသည်။

**ဘီဘီစီ။**





ဖိလစ်ပိုင်နိုင်ငံမှ ကမ်းဝေး ငါးဖမ်းရေယာဉ်တစ်စင်းကို တွေ့ရစဉ်။

# ဟာဘင်နိုင်ငံတကာ ရေခဲနှင့် ဆီးနှင်း ပန်းပုပညာပွဲတော် တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ်၌ ကျင်းပ

**ဟာဘင်   ဇန်နဝါရီ   ၁၀**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်းပြည်နယ်၌ (၂၈)ကြိမ်မြောက် ဟာဘင် နိုင်ငံတကာ ရေခဲနှင့် ဆီးနှင်း ပန်းပုပညာပွဲတော်ကို ကျင်းပလျက်ရှိကြောင်း တရုတ်နိုင်ငံပိုင် သတင်းဌာနက ဇန်နဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟာဘင် နိုင်ငံတကာရေခဲနှင့် ဆီးနှင်းပန်းပုပညာပွဲတော်ကို ဇန်နဝါရီ ၅ရက်တွင် တရားဝင်ဖွင့်လှစ်ပေးခဲ့သည်။ သို့ရာတွင် အဆိုပါပွဲတော်အတွက် ပြင်ဆင်မှုလုပ်ငန်းများကို လွန်ခဲ့သည့်လပေါင်း အတန်ကြာကတည်းကပင် စတင်ခဲ့သည်။

**ကြည့်ရှု**

ဟာဘင် နိုင်ငံတကာ ရေခဲနှင့် ဆီးနှင်းပန်းပုပညာ ပွဲတော် ကျင်းပချိန်တွင် စံချိန်တင်ရလောက်အောင် အနိမ့်ဆုံးအပူချိန် ဖြစ်ပေါ်နေလင့်ကစား ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်ထောင်ပေါင်းများစွာက အလွန်ပြင်းထန်သော အအေးဒဏ်ကိုမမှုဘဲ လာရောက်ကြည့်ရှုလျက်ရှိကြသည်။

ဆောင်ဟွာမြစ်အတွင်းမှ ဆယ်ယူရရှိသော အလွန်ကြီးမားသည့်ရေခဲတုံးကြီးများအား အသုံးပြုကာ နိုင်ငံတကာမှ ပန်းပုပညာရှင်များက အရုပ်ကြီးများကို လက်စွမ်းပြကာ ထုဆစ်ခဲ့ကြသည်။

**ယှဉ်ပြိုင်**

ဟာဘင်နိုင်ငံတကာ ရေခဲနှင့် ဆီးနှင်းပန်းပုပညာပွဲတော်ကာလအတွင်း ရေခဲပန်းပုပြိုင်ပွဲတစ်ရပ်ကို ဇန်နဝါရီ ၆ရက်မှစ၍ သုံးရက်တိုင် ကျင်းပလျက်ရှိသည်။ အဆိုပါပြိုင်ပွဲ၌ မလေးရှား၊ ဩစတြေးလျ၊ ကနေဒါ၊ နယ်သာလန်၊ ဒိန်းမတ်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဂျပန်၊ ရုရှား၊ ဆွစ်ဇာလန်နှင့် တရုတ်နိုင်ငံတို့က ရေခဲပန်းပု ပညာရှင်များပါဝင်သော အဖွဲ့ ၂၂ ဖွဲ့က ရေခဲပန်းပုရုပ် ၄၀ ကျော် ထုဆစ်ကာ ပါဝင်ယှဉ်ပြိုင်ကြသည်။ **ဆင်ဟွာ။**



ဟာဘင် နိုင်ငံတကာ ရေခဲနှင့် ဆီးနှင်း ပန်းပုပညာပွဲတော် ၌ ရေခဲပန်းပုရုပ် ကြီးများကို တွေ့ရစဉ်။

# ဂျော်ဒန်၌ အီရတ်လက်ရွေးစင်တပ်ဖွဲ့ကို လေ့ကျင့်ပေးရန် အမေရိကန် လေ့လာနေ

**ဝါရှင်တန်   ဇန်နဝါရီ   ၁၀**

အီရတ်လက်ရွေးစင်တပ်ဖွဲ့ဝင်များကို ဂျော်ဒန်နိုင်ငံ၌ စစ်ရေးလေ့ကျင့်သင်တန်းပေးရန် သင့်၊ မသင့် အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ အစိုးရအဖွဲ့က စဉ်းစားသုံးသပ်လျက်ရှိကြောင်း အမေရိကန်ကာကွယ်ရေး တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

အီရတ်လက်ရွေးစင်တပ်ဖွဲ့များကို တတိယနိုင်ငံတစ်နိုင်ငံ၌ စစ်ရေးလေ့ကျင့်ပေးရန်ကိစ္စနှင့်ပတ်သက်၍ အီရတ်အစိုးရနှင့် ဆွေးနွေးလျက်ရှိသည်ဟု ယခုရက်သတ္တပတ်အစောပိုင်းတွင် အမေရိကန် တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

အီရတ်နိုင်ငံရှိ စစ်သွေးကြွများကို ချေမှုန်းနိုင်ရေးအတွက် အမေရိကန်တပ်ဖွဲ့ဝင်များအား ယင်းနိုင်ငံသို့ စေလွှတ်မည့်အစား အီရတ်လက်ရွေးစင်တပ်ဖွဲ့ဝင်များကို လေ့ကျင့်ပေးပြီး ၎င်းတို့ကိုယ်တိုင် စစ်ရေးတာဝန်များထမ်းဆောင်ရန် အိုဘားမားအစိုးရအဖွဲ့က လိုလားသည်။

အီရတ်နိုင်ငံအနောက်ပိုင်း နယ်စပ်ဒေသအနီးတွင် အယ်လ်ခိုင်ဒါအုပ်စုမှ စစ်သွေးကြွများ လှုပ်ရှားနေပြီး အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီအနေဖြင့် စစ်သွေးကြွများကို ချေမှုန်းနိုင်ရန် အမေရိကန်အစိုးရအဖွဲ့က အကူအညီပေးမည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာ လုံခြုံရေးဆွေးနွေးပွဲများ၌ ဂျော်ဒန်နိုင်ငံ ပါဝင်တက်ရောက်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ပီတီအိုင်။**

## သရက်မြို့နယ် ပိတောက်ပင်ကျေးရွာ ပိတောက်ရွှေဝါစာကြည့်တိုက်ဖွင့် ဒုတိယဝန်ကြီး ဦးပိုက်ထွေး တက်ရောက်အားပေး

**သရက် ဇန်နဝါရီ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် ယမန်နေ့နံနက် ၁၀ နာရီတွင် အောင်လံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ ဓာတ်ပုံများနှင့် စာအုပ်စာစောင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သရက်မြို့နယ် ပိတောက်ပင်ကျေးရွာ ပိတောက်ရွှေဝါစာကြည့်တိုက် ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပိတောက်ရွှေဝါစာကြည့်တိုက် အဆောက်အအုံသစ်ကို ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကျော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်ယဉ်ယဉ်လှနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သရက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်နှင့် ရပ်ကွက်အထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံပြီး သရက်မြို့ သတ္တဌာနဘုရား ဗုဒ္ဓမြတ်စွယ်တော်ကို သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ လှူဒါန်းခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

## သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ဇန်နဝါရီ ၂၀ နှင့် ၂၁ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများတွင် မြန်မာနိုင်ငံသည် ဦးဆောင်နေသော နိုင်ငံဖြစ်သဖြင့် သာသနာရေးဆိုင်ရာများကို အဓိကထားဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားစေရေးအတွက် သံဃာ့ဂိုဏ်းကြီးကိုးဂိုဏ်းမှ သံဃာ့ဂိုဏ်းပေါင်းစုံ ဆရာတော်များပါဝင်သည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ကျင်းပမည်ဖြစ်၍ အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ကော်မတီအလိုက် လုပ်ငန်းများကို တင်ပြဆွေးနွေးပေးကြရန်ဖြစ်ကြောင်းဖြင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)အစည်းအဝေးခန်းမ၌ ကျင်းပသည့် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေး ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်းက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး သာသနာရေးဦးစီးဌာန သာသနာ့ရေးရာနှင့် ဝိနိစ္ဆယရေးရာဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းညွန့်က အစည်းအဝေးသို့ကြွရောက်တော်မူကြမည့် ဆရာတော်များစာရင်း၊ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေနှင့် ဆပ်ကော်မတီများအနေဖြင့် ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

## (၆၂)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည့် (၆၂)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုကော်မတီအစည်းအဝေး (62th ASEAN Coordinating Committee on Investment-CCI)ကို နေပြည်တော် အမရာဟိုတယ်၌ ယနေ့တွင် စတင်ကျင်းပရာ အစည်းအဝေးသဘာပတိအဖြစ် အင်ဒိုနီးရှားနိုင်ငံမှ Mr. RIZAR INDOMO NAZAROEDINက ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် စုစုပေါင်း ၃၄ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အာဆီယံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ပါ လုပ်ငန်းအစီအစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်များပါအကြောင်းအရာများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဥပဒေကြမ်းကော်မတီစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းစိစစ်သည့် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရုံး အိုင်ဆောင်အမှတ် (၂)၌ ကျင်းပရာ ဥပဒေရေးရာ အထောက်အကူပြုရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင်များ တက်ရောက်ကြပြီး သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ကြပြီး ပြင်ဆင်ရန်အချက်များဖြင့် ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာဖတ်ကြားတင်သွင်းရန် ဆုံးဖြတ်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိဘပြည်သူများသို့ပန်ကြားချက်

### အခွန်စနစ်မရှိဘဲ တိုင်းပြည်တစ်ခု မထူထောင်နိုင်ပါ

လူ့အဖွဲ့အစည်းတစ်ခုဖြစ်လာလျှင် စားဝတ်နေရေး လိုအပ်ချက်၊ ဆက်သွယ်သွားလာရေး လိုအပ်ချက်၊ ကျန်းမာရေးလိုအပ်ချက်၊ လုံခြုံရေးလိုအပ်ချက်များအတွက် ထိုလူ့အဖွဲ့အစည်းက မဖြစ်မနေ တောင်းဆိုလာပါမည်။

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးမရှိလျှင် လုယက်အနိုင်ကျင့်မှုများ၊ တရားမဲ့ ခိုးဆိုးလုသတ်မှုများ မလွဲမသွေပေါ်လာပါမည်။ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်ဆိုလျှင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရဲတပ်ဖွဲ့များ၊ ဥပဒေဝန်ထမ်းများ၊ တရားသူကြီးများသာမက ရုံးများ၊ ယာဉ်များ၊ ရုံးသုံးပစ္စည်း စသည်များကို ထူထောင်ပေးရမည်ဖြစ်ပါသည်။ စားဝတ်နေရေး အပါအဝင် အခြားလိုအပ်ချက်များစွာအတွက်လည်း ဈေးများ၊ ဘဏ်များ၊ မီးသတ်များ၊ လမ်းတံတား၊ သုံးရေပေးစနစ်၊ ရေဆိုးမြောင်း၊ အမှိုက်စွန့်ပစ်မှုစနစ်၊ ဆေးရုံ/ဆေးပေးခန်း၊ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရေးစနစ် စသည်ဖြင့် များပြောင်လှသော လုပ်ငန်းများကို ထူထောင်ပေးရမည်ဖြစ်ပါသည်။

ထိုများပြောင်လှသော လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ထိုလူ့အဖွဲ့အစည်းက ငွေကြေးဝေစု ထည့်ဝင်သော စနစ်တစ်ခုကို ရေးဆွဲကျင့်သုံးရပေမည်။ ထိုသို့အများအကျိုးအတွက် ဆောင်ရွက်ရသည့်လုပ်ငန်းများကို ထူထောင်ရန်၊ ကုန်ကျစရိတ်များကို ကျခံရန်ငွေကြေးဝေစုထည့်ဝင်ရခြင်းကိုပင် "အခွန်ကောက်ခံသည်" ဟု ခေါ်ဝေါ်ခြင်းဖြစ်ပေသည်။

အများအကျိုးဆောင်ရွက်ရန် ထည့်ဝင်ရသော အခွန်တာဝန်ကျေပွန်စေရေး သို့မဟုတ် မွန်မြတ်သောတာဝန်ကို ကျေပွန်စွာထမ်းရွက်နိုင်ရေးအတွက် အများပြည်သူက ဝိုင်းဝန်းအကူအညီပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## လိုင်စင်ရယူဖွင့်လှစ်ရောင်းချသည့် ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်အရေအတွက် ပိုမိုတိုးမြင့်များပြားလာ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်သူလူထုအနေဖြင့် နေရာအနှံ့အပြားတွင် စက်သုံးဆီများကို လွတ်လပ်စွာ အလွယ်တကူ လိုသလောက်ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များကို စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်လိုင်စင်ရယူ၍ ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ရာ ယနေ့အထိ ပြည်နယ်/တိုင်းဒေသကြီးများတွင် ဖြန့်ဖြူးရောင်းချနေသည့် စက်သုံးဆီအရောင်းဆိုင် ၁၀၈၅ ဆိုင်ရှိခဲ့သည်။ လိုင်စင်ထုတ်ပေးရန် စိစစ်ဆောင်ရွက်ဆဲအရောင်းဆိုင် ၄၆၀ ရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် အရောင်းဆိုင် ၂၇၀ အထိ အများဆုံးဖွင့်လှစ်ရောင်းချနေကြောင်းနှင့် ချင်းပြည်နယ်တွင် နှစ်ဆိုင်သာ ဖွင့်လှစ်ရောင်းချနေကြောင်း သတင်းရရှိသည်။

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | စွမ်းအင်ဝန်ကြီးဌာန၏ လိုင်စင်ရယူ၍ ဖြန့်ဖြူးရောင်းချနေသည့် အရောင်းဆိုင်များ | လိုင်စင်ထုတ်ပေးရန် စိစစ်ဆောင်ရွက်ဆဲ အရောင်းဆိုင်များ |
|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီ | ၁၂ | ၁၃ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၀ | ၅၂ |
| ၃ | မန္တလေးတိုင်းဒေသကြီး | ၂၇၀ | ၅၆ |
| ၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၀၆ | ၄၉ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၁၅၅ | ၄၈ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၃ | ၃၆ |
| ၇ | မကွေးတိုင်းဒေသကြီး | ၅၅ | ၂၃ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး | ၇ | ၁၂ |
| ၉ | ကချင်ပြည်နယ် | ၃၅ | ၂၈ |
| ၁၀ | ကယားပြည်နယ် | ၇ | ၃ |
| ၁၁ | ကရင်ပြည်နယ် | ၁၉ | ၄ |
| ၁၂ | ချင်းပြည်နယ် | ၂ | ၁ |
| ၁၃ | မွန်ပြည်နယ် | ၅၃ | ၃၁ |
| ၁၄ | ရခိုင်ပြည်နယ် | ၁၈ | ၂၂ |
| ၁၅ | ရှမ်းပြည်နယ် | ၁၈၃ | ၈၂ |
| | **စုစုပေါင်း** | **၁၀၈၅** | **၄၆၀** |

○ **ကျောဖုံးမှ**

(ကျောဖုံးမှ)

လုပ်ငန်းစဉ်များ ဆောင်ရွက်သည့်နေရာတွင် နယ်မြေတည်ငြိမ်အေးချမ်းမှသာလျှင် ပြည်နယ်တစ်ခုလုံးဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး ယခုလိုမငြိမ်းချမ်းသည့် ကာလတွင် ပြည်နယ်အတွင်းမှာရှိသည့် တိုင်းရင်းသား ပြည်သူများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ယနေ့ကျင်းပသည့် (၆၆) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသည် တိုင်းရင်းသားမိဘပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုကို ပြသဖော်ဆောင်သည့် ကချင်ပြည်နယ်၏ ဂုဏ်ယူစရာကောင်းသော နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်ကြီး၏ အနာဂတ်ရှေ့ခရီးတွင် ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူအသီးသီးတို့က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း၊ ယနေ့ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံးအောင်မြင်စေရန် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါဟု ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ကချင်ရိုးရာအကအဖွဲ့က ကချင်တိုင်းရင်းသားတို့၏ ရိုးရာမနော အကဖြင့် ကပြကြရာ တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့်ဇနီး ဒေါ်ကံဆီးဆိုင်းလုံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့ဇနီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာအသီးသီးမှ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၊ INGO၊ NGO နှင့် လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံခြားသားခရီးသွားဧည့်သည်တော်များ၊ မြို့မိ မြို့ဖများ၊ တက္ကသိုလ်ကျောင်း ဆရာ ဆရာမများ၊ ပညာရေးကောလိပ်နှင့်သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသားသင်တန်းသူများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက တပျော်တပါးဖြင့် စုပေါင်း၍ ပျော်ရွှင်စွာပါဝင်ကပြကြသည်။

ညနေ ၆ နာရီတွင် မြို့တော်ခန်းမ၌ (၆၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ညစာစားပွဲကျင်းပပြီး ကချင်တိုင်းရင်းသားရိုးရာ အကများဖြင့် ဖျော်ဖြေတင်ဆက်ကာ ကချင်ရိုးရာ အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးသည်။ **(ပြည်နယ်ပြန်/ဆက်)**



**✱ ရှေ့ဖုံးမှ**

ဖြေ။ ကျွန်တော်တို့ဌာနအနေနဲ့ စီမံကိန်းတစ်ခု စတင်အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ရှိလာရင် ဒီစီမံကိန်းကြောင့် ဖြစ်ပေါ်လာမယ့် အကျိုးအမြတ်နဲ့ အကောင်းအဆိုးတွေကို သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနဲ့ ညှိနှိုင်းဆွေးနွေးပါတယ်။ ပြီးရင် မြေပြင်မှာ လက်တွေ့တွေ့ကြုံရမယ့် ဒေသခံပြည်သူတွေရဲ့ အမြင်သဘောထားကို ကွင်းဆင်းလေ့လာပါတယ်။

ပြီးတော့မှ နိုင်ငံအတွက် ရေရှည်အကျိုးရှိနိုင်မယ်၊ ဒေသခံပြည်သူတွေကလည်း သဘောတူတယ်ဆိုရင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပါတယ်။ အဲဒီမှာ နိုင်ငံအတွက် အကျိုးရှိမယ်ဆိုသည့်တိုင် ဒေသခံပြည်သူတွေရဲ့ အမြင်သဘောထားအရ ဆောင်ရွက်ဖို့ မသင့်ဘူးဆိုရင်လည်း ပြန်လည်စိစစ်သုံးသပ်ပြီးတော့ ဒေသခံပြည်သူတွေ နစ်နာမှုမရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးရပါတယ်။

နိုင်ငံရဲ့ သဘာဝသယံဇာတကို အကျိုးရှိရှိအသုံးချနိုင်အောင်၊ ဒေသခံပြည်သူတွေ အကျိုးစီးပွားနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မယ့် အခြေအနေတွေအပေါ်မူတည်ပြီး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပါတယ်။

**မေး။ လတ်တလော ဆောင်ရွက်နေတဲ့ ဓာတ်ငွေ့ပိုက်လိုင်းနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတာရှိရင် ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ လတ်တလောအနေနဲ့ ကီလိုမီတာ ၈၀၀ နီးပါး ရှည်လျားတဲ့ မြန်မာ-တရုတ် ရေနံနဲ့သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေတာရှိပါတယ်။ အဲဒီ သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းက ရခိုင်ပြည်နယ် ကျောက်ဖြူဒေသကနေ စတင်ပြီး တရုတ်နိုင်ငံ ရွှေလီမြို့ကို သွယ်တန်းထားတဲ့ ပိုက်လိုင်း စီမံကိန်းဖြစ်ပါတယ်။ ဒီသဘာဝဓာတ်ငွေ့ပိုက်လိုင်းဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်နယ်နှစ်ခုနဲ့ တိုင်းဒေသကြီးနှစ်ခုကို ဖြတ်သန်းဖောက်လုပ်ရပါတယ်။

ဒီစီမံကိန်းကို စတင်ဆောင်ရွက်ရာမှာ ပထမဆုံးအနေနဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုကိုတွက်ချက်ပါတယ်။ ဒုတိယအနေနဲ့ ဖြတ်သန်းသွားမယ့် ဒေသတွေမှာရှိတဲ့ ဒေသခံတောင်သူလယ်သမားတွေရဲ့ လယ်ယာမြေ ထိခိုက်ပျက်စီးဆုံးရှုံးမှုအပေါ် ဘယ်လိုဆောင်ရွက်ပေးရမယ်ဆိုတာကို ညှိနှိုင်းပေးရပါတယ်။

အခုလိုဆောင်ရွက်ရတာကလည်း စီမံကိန်းလုပ်ငန်းက ကြီးမားတော့ ထိခိုက်နစ်နာမှုတွေ ရှိနိုင်တဲ့အတွက် ထိခိုက်မှုအနည်းဆုံးနဲ့ လုပ်ငန်းဆောင်ရွက်မှုအတွက် အနည်းဆုံး လိုအပ်တဲ့ မြေဧရိယာကို အကြိမ်ကြိမ်ကွင်းဆင်းလေ့လာပြီးတော့ အတိအကျတိုင်းတာပါတယ်။

ဒီလိုဆောင်ရွက်ရာမှာလည်း နိုင်ငံရဲ့သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် အဓိကထားဆောင်ရွက်နိုင်မယ့်ဌာနကို ဖွဲ့စည်းပြီး အပြည်ပြည်ဆိုင်ရာတင်ဒါခေါ်ယူပြီး ဆောင်ရွက်ပါတယ်။ အဲဒီမှာ Equator Principles နဲ့ The World Bank Guidelines တို့ရဲ့ စံချိန်စံနှုန်းများအတိုင်း လုပ်ကိုင်နိုင်မယ့် ထိုင်းနိုင်ငံက International Environment Management(IEM) ကုမ္ပဏီကို ရွေးချယ်တာဝန်ပေးခဲ့ပါတယ်။

စံချိန်စံညွှန်းနဲ့အညီ လုပ်ကိုင်နိုင်မှုလည်း ရေနံနဲ့သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း ဆောင်ရွက်ချိန်မှာ စနစ်တကျ လေ့လာစောင့်ကြည့်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ပြင် စီမံကိန်းလုပ်ငန်းတစ်လျှောက် သဘာဝပတ်ဝန်းကျင်လွှမ်းမိုးနိုင်မှုတွေကို မျက်ခြည်မပြတ်ကြီးကြပ်စစ်ဆေး ဆောင်ရွက်နိုင်မှာဖြစ်ပြီး မလိုလားအပ်တဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

စီမံကိန်းလုပ်ငန်းခွင်အတွက် လိုအပ်တဲ့ မြေယာတွေကို သိမ်းဆည်းရာမှာလည်း အတတ်နိုင်ဆုံး စိုက်ပျိုးမြေတွေကို မသိမ်းဆည်းဘဲ မဖြစ်မနေသိမ်းဆည်းရမယ့် မြေတွေကိုသာ အဓိကထား သိမ်းဆည်းပါတယ်။ ဒီလိုသိမ်းဆည်းရာမှာလည်း မြေအမျိုးအစားအလိုက်၊ သီးနှံအမျိုးအစားအလိုက်၊ သီးနှံအထွက်နှုန်းအလိုက်၊ ဒေသပေါက်ဈေးများအလိုက် သက်ဆိုင်ရာဒေသခံများပါဝင်တဲ့ မြေယာသိမ်းဆည်းရေးအဖွဲ့တွေနဲ့ စနစ်တကျတွက်ချက်ခဲ့ပါတယ်။ သက်ဆိုင်ရာ မြေပိုင်ရှင်များကျေနပ်မှုရှိပြီး လျော်ကြေးပေးပြီးမြေကိုမှ လုပ်ငန်းအတွက် အသုံးပြုခဲ့ပါတယ်။

**မေး။ မြေသိမ်းဆည်းဆောင်ရွက်တာနဲ့ ပတ်သက်ပြီး ဘယ်လိုမူဝါဒတွေနဲ့ ရှင်းရှင်းလင်းလင်းဖြစ်အောင် ဆောင်ရွက်တယ်ဆိုတာကိုလည်း ထည့်သွင်းရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ဒီလိုမြေသိမ်းဆည်းရာမှာ မြို့/ရွာတွေကို ပိုက်လိုင်းလမ်းကြောင်းမှာ ရှောင်ကွင်းပြီး ယာယီသုံးမြေသိမ်းဆည်းခြင်းနဲ့ အမြဲသုံးမြေသိမ်းဆည်းခြင်းဆိုပြီး အမျိုးအစားနှစ်မျိုးခွဲပြီး သိမ်းဆည်းခဲ့ပါတယ်။

ယာယီသုံးမြေကို မြေပိုင်ရှင်ထံမှ ပိုက်လိုင်းတည်ဆောက်ရေးကာလလုပ်ငန်းတွေ ဆောင်ရွက်ချိန်မှာပိုက်များ စုပုံရန်နဲ့ အခြားသော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းတွေ စုပုံရန်အတွက်ကို သုံးနှစ်စာချုပ်နဲ့ ငှားရမ်းပါတယ်။

ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက်မြေတွေကိုတော့ အမြဲသုံးမြေအဖြစ် မြေယာနဲ့ သီးနှံလျော်ကြေးကို ငါးနှစ်စာပေးပြီး စနစ်တကျသိမ်းယူခဲ့ပါတယ်။ ဒီလို အမြဲသုံးမြေအဖြစ် သိမ်းယူပေမယ့် ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းတွေပြီးဆုံးသွားရင် စိုက်ပျိုးမြေတွေကို သတ်မှတ်ထားတဲ့ စည်းကမ်းများအတိုင်း ပြန်လည်စိုက်ပျိုးအသုံးပြုနိုင်ပါတယ်။

**မေး။ အဲဒီလို မြေသိမ်းရာမှာ လျော်ကြေးပေးလျော်ခဲ့မှုနဲ့ ပတ်သက်ပြီး ပြောပြပေးလို့ရရင် ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ပိုက်လိုင်းတစ်လျှောက် ဒီနေ့အထိမြေယာနဲ့ သီးနှံလျော်ကြေးပေးချေထားမှုအနေနဲ့ ရခိုင်ပြည်နယ်မှာ ငွေကျပ် ၄ ဒသမ ၆ ဘီလီယံ၊ မကွေးတိုင်းဒေသကြီးမှာ ငွေကျပ် ၅ ဒသမ ၄ ဘီလီယံ၊ မန္တလေးတိုင်းဒေသကြီးမှာ ငွေကျပ် ၉ ဒသမ ၇ ဘီလီယံနဲ့ အမေရိကန်ဒေါ်လာ ၅၅၀၀၀၀၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ငွေကျပ် ၁၁ ဒသမ ၁၈ ဘီလီယံတို့ကို မြေပိုင်ရှင်တောင်သူများရဲ့ လက်ဝယ်အရောက် လျော်ကြေးငွေများ ပေးခဲ့ပါတယ်။

**မေး။ ပိုက်လိုင်းကြောင့် ဒေသခံပြည်သူတွေ အန္တရာယ်မဖြစ်ပေါ်အောင် ဘယ်လိုရွေးချယ် ဆောင်ရွက်ခဲ့တယ်ဆိုတာကိုလည်း ပြောပြပေးနိုင်မလားခင်ဗျာ။**

ဖြေ။ ဟုတ်ကဲ့။ ကျွန်တော်တို့အနေနဲ့ ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းတွေ စတင်တဲ့အခါမှာ တည်ဆောက်ရေးမှာ အသုံးပြုမယ့် အဓိကအရေးကြီးတဲ့ပိုက်ကို အလွန်မြင့်မားတဲ့ ဖိအားဒဏ်နဲ့ ကြီးမားတဲ့ အပူချိန်ကွာခြားမှုကို ကောင်းကောင်းခံနိုင်ရည်ရှိပြီး နိုင်ငံတကာစံနှုန်းအဖြစ် အများလက်ခံအသုံးပြုတဲ့ American Petroleum Institute(API) စံနှုန်းအတိုင်း X-70 Carbon Steel Tubing ကို ရွေးချယ်အသုံးပြုပါတယ်။

ဒီလိုပိုက်လိုင်းဝယ်ယူတပ်ဆင်ဖို့အတွက် တင်ဒါခေါ်ယူရာမှာလည်း အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူတဲ့အတွက် နိုင်ငံတကာ အသိအမှတ်ပြု နာမည်ကျော်ကုမ္ပဏီတွေရဲ့ ကုန်ပစ္စည်းတွေကို ရွေးချယ်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါ့မှလည်း ပိုက်လိုင်းကြောင့် ဖြစ်ပေါ်နိုင်တဲ့ ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ ပိုက်လိုင်းယိုစိမ့်ခြင်း၊ မီးလောင်ခြင်းစတဲ့ ကိစ္စတွေဖြစ်ပေါ်နိုင်မှုကို ထိန်းချုပ်နိုင်အောင် ဒေသတွင်းနိုင်ငံတွေအပြင် ပိုက်လိုင်းတည်ဆောက်မှုအတွေ့အကြုံ



ညွှန်ကြားရေးမှူး ဦးသန်းမင်း။

အများကြီးရှိတဲ့ နိုင်ငံတွေကိုလေ့လာပြီးတော့ ဆောင်ရွက်စေပါတယ်။

ဒါ့ပြင် ပိုက်လိုင်းထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ Supervisory Control and Data Acquisition (SCADA)စနစ်အတွက်လည်း ဝါရင့်ကုမ္ပဏီတစ်ခု Telvent ဖြစ်တဲ့ ကနေဒါနိုင်ငံက ကုမ္ပဏီကနေ ဝယ်ယူတပ်ဆင်ထားပါတယ်။

ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းဆိုတာ မြေတူးဖော်ခြင်း၊ ဂဟေဆက်ခြင်း၊ မြေပြန်ဖို့ခြင်း၊ ဖိအားစမ်းသပ်ပြီးခြောက်သွေ့စေခြင်းနဲ့ စတင်ပို့လွှတ်အသုံးပြုခြင်းတွေကို အဆင့်လိုက် ဆောင်ရွက်ရပါတယ်။ နိုင်ငံတကာစံနှုန်းအရ မြေအောက်ကို ၁ မီတာ(၃ ဒသမ ၃ ပေ) အထိသာ မြှုပ်နှံနိုင်ပေမယ့် အခုစီမံကိန်းမှာတော့ ၆ ပေအထိ မြှုပ်နှံထားရှိပါတယ်။

ပြီးတော့ စံနှုန်းတွေအရ အနည်းဆုံး(သုည ဒသမ ၃) လက်မအထူလို့ သတ်မှတ်ထားပေမယ့် ယခုသွယ်တန်းထားတဲ့ လက်ရှိပိုက်လိုင်းအထူက (သုည ဒသမ၈) လက်မရှိပြီး API 5L X-70 PSL-2 LSAW(Longitudinal Submerged Arc Welding) ပိုက်အမျိုးအစားကို အသုံးပြုထားပါတယ်။

ပိုက်လိုင်းဂဟေဆက်လုပ်ငန်းတွေကို အရည်အသွေးတိကျစွာထိန်းသိမ်းကြီးကြပ်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံက Nondestructive Examination ကုမ္ပဏီကို ဖိတ်ခေါ်ပြီး ဂျာမနီ၊ ထိုင်းနဲ့ အိန္ဒိယနိုင်ငံတွေက အတွေ့အကြုံရှိတဲ့ ကြီးကြပ်ရေးအင်ဂျင်နီယာတွေကို အရေးကြီးတဲ့လုပ်ငန်းပိုင်းဆိုင်ရာတွေမှာ ကြီးကြပ်ဖို့ တာဝန်ပေးခဲ့ပါတယ်။

**မေး။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်ခဲ့တဲ့အပိုင်းကိုလည်း သိချင်ပါတယ်ခင်ဗျာ။**

ဖြေ။ ပိုက်လိုင်းတည်ဆောက်ပြီးလို့ မြေပြန်ဖို့ရာမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနဲ့ ဆန့်ကျင်တဲ့ အနေအထားတွေကို ပြန်လည်ပြုပြင်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက အဆင့်လိုက်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို အသေးစိတ်စစ်ဆေးဆောင်ရွက်ခြင်းနဲ့ စိုက်ပျိုးမြေတွေမှာ လုပ်ငန်းဆောင်ရွက်တဲ့အခါ မြေယာကာကွယ်ရန်အတွက် Excavation Back-filling in Layers နည်းပညာကို ကျင့်သုံးခဲ့ပါတယ်။ ဒါကြောင့် မြေဩဇာကောင်းတဲ့မြေကို အပေါ်ကထားပြီး ညံ့ဖျင်းတဲ့မြေကို မြေအောက်မှာ ပြန်လည်ထားရှိပေးတဲ့အတွက် မူလအတိုင်း ပြန်လည်စိုက်ပျိုးနိုင်အောင်ကို အလေးထားဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ပိုက်လိုင်းတစ်လျှောက် ရေရှည်ထိန်းသိမ်းရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားမှုတွေကိုလည်း ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ။ ပိုက်လိုင်းလုံခြုံရေးအတွက် ဒေသခံလုံခြုံရေးဌာနနဲ့ ပြည်သူတွေပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း ပိုက်လိုင်းလုံခြုံရေးအဖွဲ့ဝင်များကို ခန့်အပ်ရာမှာ ဒေသခံပြည်သူများရဲ့ မိသားစုဝင်တွေကို ဦးစားပေးခန့်အပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေကို တစ်ဆက်တည်းဖန်တီးပေးနိုင်ခဲ့ပါတယ်။

ပိုက်လိုင်းယိုစိမ့်မှုရှိရင်လည်း လျင်မြန်မှန်ကန်စွာရှာဖွေတွေ့ရှိနိုင်အောင် ပိုက်လိုင်းယိုစိမ့်မှု ကြီးကြပ်ရှာဖွေရေးစနစ်များ၊ မတော်တဆဖြစ်ပွားသော ပိုက်လိုင်းကို လျင်မြန်စွာပိုင်းခြားဖြတ်တောက်နိုင်တဲ့ Pipeline Block Valve တွေကို သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှာ ၂၈ ခု၊ ရေနံပိုက်လိုင်းမှာ ၃၁ ခုတပ်ဆင်ထားပြီး Supervisory Control and Data Acquisition (SCADA) စနစ်နဲ့ ပိုက်လိုင်းပုံမှန်လည်ပတ်မှုကို နေ့စဉ် ၂၄ နာရီပတ်လုံး အပြည့်အဝကြီးကြပ်ဆောင်ရွက်ပါတယ်။ ဒါ့အပြင် လိုအပ်တဲ့ထိန်းချုပ်စောင့်ကြည့်ရေးစင်တာကို မန္တလေးတိုင်းဒေသကြီးမှာ ဖွင့်လှစ်ထားပြီး ပိုက်လိုင်းတစ်လျှောက် ဖိအားနဲ့ စီးဆင်းမှုနှုန်းတွေကို စောင့်ကြည့်စစ်ဆေးပေးပါတယ်။

ပိုက်လိုင်းအရေးပေါ်ပျက်စီးမှုကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ဖို့အတွက် ပြုပြင်ထိန်းသိမ်းရေးစခန်းတွေကို ပိုက်လိုင်းတစ်လျှောက်စခန်းများဖွင့်လှစ်ထားပါတယ်။

**မေး။ ပိုက်လိုင်းတည်ဆောက်ခွင့်ပြုတဲ့အတွက် မြန်မာနိုင်ငံကရရှိတဲ့ အကျိုးအမြတ်တွေကို ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတည်ဆောက်ရေးကနေ မြန်မာနိုင်ငံအတွက် တစ်နှစ်ကို ရေနံစိမ်း တန်ချိန်နှစ်သန်းနဲ့ သဘာဝဓာတ်ငွေ့ကုဗမီတာ နှစ်ဘီလီယံရရှိမှာဖြစ်ပါတယ်။ ရရှိလာတဲ့ သဘာဝဓာတ်ငွေ့တွေကို ကျောက်ဖြူ၊ ရေနံချောင်း၊ တောင်သာနဲ့ မန္တလေးတို့မှာ သဘာဝဓာတ်ငွေ့ထုတ်ယူရေးစခန်းကနေ ထုတ်ယူနိုင်မှာ ဖြစ်ပါတယ်။ ရေနံစိမ်းထုတ်ယူရေးစခန်းကို မကွေးတိုင်းဒေသကြီး စကုမြို့နယ် ရေနံစိမ်းထုတ်ယူရေးစခန်းကနေတစ်ဆင့် ထုတ်ယူမှာဖြစ်ပါတယ်။ နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၁၀၀နဲ့ ရေနံစိမ်းစည်ပေါင်း ၄၀၀၀၀ ခန့်ကို ထုတ်ယူပါမယ်။ ပြီးမှ လိုအပ်တဲ့ဒေသအတွက် ထုတ်ယူအသုံးပြုမှာမို့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူလူထုဘဝ ပိုမိုကောင်းမွန်အောင် အထောက်အကူရမှာ ဖြစ်ပါတယ်။

**မေး။ ကောင်းပါတယ်ခင်ဗျာ။ နိုင်ငံအတွက် အများကြီးအကျိုးရှိတဲ့စီမံကိန်းပါပဲ။ ငွေကြေးအနေနဲ့ကော ခံစားခွင့်ရှိဦးမလားခင်ဗျာ။**

ဖြေ။ ချုပ်ဆိုထားတဲ့ စာချုပ်အရ အခွန်အကောက်တွေ၊ ရှယ်ရာအကျိုးအမြတ်၊ မြေယာငှားရမ်းခ၊ နယ်နိမိတ်ဖြတ်သန်းခနဲ့ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေတိုးတက်လာမှာ ဖြစ်ပါတယ်။ ငွေကြေးအကျိုးအမြတ်အနေနဲ့ ပိုက်လိုင်းဖြတ်သန်းခ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈၁ သန်းရရှိမယ့်အပြင် အခွန်အခအနေနဲ့ ပို့လွှတ်မယ့် ရေနံတစ်တန်ကို အမေရိကန်တစ်ဒေါ်လာနှုန်းရရှိမှာ ဖြစ်ပါတယ်။ အခုကောက်ခံတဲ့နှုန်းထားတွေကို နိုင်ငံတကာမှာ ကောက်ခံတဲ့ နှုန်းထားတွေပေါ်တွက်ချက်ပြီး အကောင်းဆုံး နှုန်းထားအတိုင်းကောက်ယူတာပါ။

**မေး။ အခုလို နိုင်ငံတော် စီမံကိန်းတစ်ခုဆောင်ရွက်နိုင်တဲ့အတွက် ရရှိတဲ့အကျိုးကျေးဇူးတွေကို တွက်ပြနိုင်မလားခင်ဗျာ။**

ဖြေ။ နိုင်ငံတော်အဆင့် စီမံကိန်းဖြစ်တဲ့အတွက် ရရှိလာတဲ့အကျိုးအမြတ်တွေကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ အကျိုးရှိစွာအသုံးပြုသွားနိုင်မယ့်အပြင် ပိုက်လိုင်းတည်ဆောက်လည်ပတ်နိုင်တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍမှာ အကျိုးသက်ရောက်မှုတွေ အများကြီးရှိလာပါတယ်။

လုပ်ငန်းစီမံကိန်းတစ်ခုကြောင့် နိုင်ငံအတွင်းမှာရှိတဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုများပြားလာတဲ့အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တိုက်ရိုက် အထောက်အကူပြုတာကို သိသိသာသာခံစားလာရမှာ ဖြစ်ပါတယ်။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုရာတွင် နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ရေရှည်အကျိုးရှိနိုင်ပါက စွန့်လွှတ်စွန့်စားဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယနေ့ခေတ်သည် ဂလိုဘယ်လိုက်ဇေးရှင်းခေတ် ဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံကြီးငယ်ဟူသမျှသည် ၎င်းတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ကြီးပွားရေးအတွက် မျိုးစုံသောနည်းလမ်းများဖြင့် ဆောင်ရွက်နေကြသည်ကို အလွယ်တကူလေ့လာတွေ့ရှိနိုင်ပါသည်။

ထို့ကြောင့် တိုးတက်ပြောင်းလဲလာသည့် ကမ္ဘာ့အခြေအနေပေါ်မူတည်ပြီး မိမိတို့နိုင်ငံအနေဖြင့်လည်း ကိုယ့်အတွက် ရာနှုန်းပြည့် သေချာအကျိုးအမြတ်ရှိစေမည့် စီမံကိန်းများကို ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ရွာဟုခေါ်သော နိုင်ငံတကာမိသားစုအသိုက်အဝန်းတွင် တင့်တယ်စွာ နေထိုင်နိုင်ပေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ပိုက်လိုင်းစီမံကိန်းကြောင့် ဒေသအတွက်လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်မှုကို တွေ့ရစဉ်။

# ပညာရေးမြှင့်တင်မှုလုပ်ငန်းများထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၀**

ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက်အမှာစကားပြောကြားရာတွင် **(ယာပုံ)** အထူးလုပ်ငန်းအဖွဲ့ (Task Force) ၏ ဆွေးနွေးမှုများကို စကားဝိုင်းဆွေးနွေးပွဲပုံစံဖြင့် အရှိအတိုင်းပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း၊ အမျိုးသားပညာရေးအတွက် ဆောင်ရွက်ရာတွင် တစ်မျိုးသားလုံး ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဆွေးနွေးမှုများသည် တက္ကသိုလ်များရေရှည်ရပ်တည်ရေးကို အဓိကရည်မှန်းချက်အဖြစ် သတ်မှတ်ဆွေးနွေးစေလိုကြောင်း၊ တက္ကသိုလ်များစုဖွဲ့ခြင်းသည် သက်ဆိုင်ရာဒေသအလိုက် ဘာသာရပ်များ စုံလင်စွာသင်ကြားနိုင်ရေးနှင့် စီမံခန့်ခွဲမှုများလွယ်ကူလျင်မြန်စေရေးတို့အတွက်သည် အဓိကဖြစ်ကြောင်းနှင့် အထူးလုပ်ငန်းအဖွဲ့အနေဖြင့်လည်း အနာဂတ်ပညာရေးအတွက် အကောင်းဆုံးဖြစ်အောင် ဆွေးနွေးအကြံပြုကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အထူးလုပ်ငန်းအဖွဲ့ (Task Force) ဥက္ကဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊အထူးလုပ်ငန်းအဖွဲ့ (Task Force) ဒုတိယဥက္ကဌ ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများက တက္ကသိုလ်များစုဖွဲ့ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများကို အထူးလုပ်ငန်းအဖွဲ့ဝင်များက ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကွန်တိန်နာယာဉ်အား နောက်မှတိုက်သည့် အငှားယာဉ်



**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင် လမ်းမကြီးပေါ်တွင် ကွန်တိန်နာ ယာဉ်ကြီးတစ်စီးကို အငှားယာဉ်တစ်စီးက နောက်မှဝင်ရောက်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၇ ရက် နံနက် ၂နာရီ ၁၅ မိနစ်က ဘုရင့်နောင်လမ်းအတိုင်း မြောက်ဘက်မှတောင်ဘက်သို့ ယာဉ်မောင်း ကျော်ဇင်ဦး(၃၅)နှစ် အောင်ဇေယျအိမ်ရာ အင်းစိန်မြို့နယ်နေသူမောင်းနှင်လာသည့် ၂က/---- စူပါရှစ်(ဗင်)အဖြူရောင် (အငှားယာဉ်)သည် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ မြန်မာ့ရှေ့ဆောင်ဘဏ် ရှေ့အရောက်၌ ယာဉ်မောင်း မင်းအောင်(၃၅)နှစ် ခရေလမ်း စံပြရပ်ကွက် ဒလမြို့နယ်နေသူမောင်းနှင်သည့် ၁ခ/--- ကွန်တိန်နာတင်--------- Nissan Diesel ဖြူ/နီရောင်(အငှား)ယာဉ်ကို နောက်မှဝင်ရောက်တိုက်မိသဖြင့် ယာဉ်ဦးပိုင်းပျက်စီးခဲ့ပြီး ယာဉ်မောင်းကျော်ဇင်ဦးတွင် ယာလက်ခုံပေါက်ပြဲဒဏ်ရာ၊ ရင်ဘတ်အောင့်ဒဏ်ရာ၊ နှာခေါင်းသွေးထွက် ဒဏ်ရာနှင့် ယာဉ်ပေါ်ပါသူ မောင်မောင်တွင် ပါးစပ်သွေးထွက်ဒဏ်ရာများရရှိခဲ့ပြီး အင်းစိန်ဆေးရုံသို့ တင်ပို့ခဲ့သည်။

ထိုယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းကျော်ဇင်ဦးအား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**



## ဆိုင်ကယ်ကြောင့် သေဆုံးမှု ၅၃ ရာခိုင်နှုန်းကျော်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံတွင် ဆိုင်ကယ်ကြောင့် သေဆုံးမှုသည် ၂၀၁၃ ခုနှစ်အတွင်း ၅၃ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်အတွင်းက ယာဉ်တိုက်မှု ၁၁၆၇၅ ကြိမ်ဖြစ်ပွားခဲ့ရာ ၃၄၂၂ ဦးသေဆုံးခဲ့ပြီး ၁၉၆၈၄ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ထိုသေဆုံးမှုများတွင် ဆိုင်ကယ်ကြောင့် သေဆုံးသူမှာ ၅၃ ဒသမ ၂ ရာခိုင်နှုန်း ပါဝင်ကြောင်း၊ သက်ဆိုင်ရာ၏ ယာဉ်မတော်တဆဖြစ်ပွားမှု စာရင်းများအပေါ် ကိုးကား၍ ယင်းပုဂ္ဂိုလ်က ပြောပြခဲ့ခြင်းဖြစ်သည်။

ဆိုင်ကယ်ကြောင့် သေဆုံးရသောဦးရေသည် ယာဉ်တိုက်သေဆုံးမှုထက်များပြားနေပြီး ဆိုင်ကယ်ချင်းတိုက်မှု၊ ဆိုင်ကယ်နှင့် ယာဉ်တိုက်မှု၊ ဆိုင်ကယ်တိမ်းမှောက်မှု၊ ဆိုင်ကယ်နှင့်အခြားတိုက်မိမှု၊ ဆိုင်ကယ်မှ လူသို့တိုက်မိမှု၊ ဆိုင်ကယ်နှင့် စက်ဘီးတိုက်မိမှုများလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆိုင်ကယ်ကြောင့် ဖြစ်လာသော ထိခိုက်သေဆုံးမှုဖြစ်စဉ်များသည်မြန်မာနိုင်ငံတစ်ခုတည်းသာမက အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် များပြားနေပြီး ယာဉ်တိုက်သေဆုံးမှုထက်ပင် များပြားလာခြင်းဖြစ်ကြောင်း သိရသည်။ **(မြဝ)**


The Government of the Republic of the Union of Myanmar
ASEAN Summit and related Summits Committee
Sub-Committee on Logistics and Administration

INVITATION FOR BIDS
ON
SPONSORSHIP MANAGEMENT CONSULTANT

1. The Republic of the Union of Myanmar has assumed the Chairmanship of ASEAN in 2014 and will hold 24th ASEAN Summit and 25th ASEAN Summit and Related Summits in Nay Pyi Taw, Myanmar. It will be the first time that Myanmar takes ASEAN Chairmanship since it joined ASEAN in 1997.
2. Myanmar has drawn great attention from the international community due to its significant reforms, abundant natural resources and historic and scenic beauties. Hosting of ASEAN Summits and related Summits will be a golden opportunity for the local and foreign companies to promote business and to further expand investment in Myanmar and to the Southeast Asia region.
3. In View of the above opportunities, bids are invited by the Sub-Committee on Logistics and Administration for the selection of Sponsorship Management Consultant with the following terms and conditions-
(1) One bidder shall be selected as Sponsorship Management Consultant;
(2) Closed Envelope Bidding shall be made on the following categories;-
(a) Computers and IT Products Support;
(b) Internet services and Technical assistance;
(c) Conference Management;
(d) Food and Beverage;
(e) Billboards and Banners;
(f) Security equipments;
(g) Lighting facilities for Meeting Venue;
(h) Dresses for Liaison Officers, Security Officers and Drivers;
(i) Floral Services;
(j) Mobile Phone Hand sets and Sim Cards;
(k) Souvenirs;
(l) Meeting Document Kits and Collaterals;
(m) Financial services and
(n) Others
(3) Closed Envelope Bidding shall include the following:-
(a) Proposed Bidding and Quotations;
(b) Financial Background;and
(c) Company Profile.
(4) The selected Sponsorship Management Consultant shall work on commission basis and deposit of USD 100,000 at the designated bank account after signing the Agreement.
(5) No territorial limit of marketing sponsorship.
(6) Deposit shall be refunded within 7 banking days after the event.
4. Bids shall be only on the official Bidding Form and to be delivered into the Tender Box located at the Ministry of Foreign Affairs, Office No.9, Nay Pyi Taw no later than (16:00) hours on 24 January 2014.
5. Bids shall be opened at the Ministry of Foreign Affairs, Office No.9, Nay Pyi Taw at on 27- 31 January 2014.
6. Announcement on the successful bidder will be made on 1 February 2014:
7. Official Bidding Form shall be available at the Ministry of Foreign Affairs, Office No.9, Nay Pyi Taw during the office hour from (17-1-2014) to (24-1-2014)in payment of Kyat 10,000 (Kyat ten thousands).
8. Inquiry can be made at the following contact phone numbers: 067-412052; 067-412352; 067-412354

Secretary
Sub-Committee on Logistics
and Administration
ASEAN Summit and Related
Summits Committee

# (၆၆) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်းထုတ်ပြန်

(ယမန်နေ့မှအဆက်)

## ရေးဖြေအောင်စာရင်း
## ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်းအာဂုံအောင်
## ဥဘတောဝိဘင်္ဂရေ (၄၃)ပါး

၁။ ပလ္လင်အမှတ် (၈၉) အရှင်ကောဝိဒ(နတ်မောက်)၊ အသက် (၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၉၀) အရှင်ကုဏ္ဍလ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၉၁) အရှင်ကောဝိဒ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၉၂) အရှင်ပညာဝံသ၊ အသက်(၂၉)နှစ် သိက္ခာ (၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၉၅) အရှင်စန္ဒာသိရီ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၉၆) အရှင်သောဘဏ၊ အသက် (၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၉၉) အရှင်ဓမ္မသာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ(၇) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၁၀၀) အရှင်စိန္တိတ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၁၀၁) အရှင်စိန္တိမာဇောတိ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၁၀၂) အရှင်နန္ဒိမာစာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ် (၁၀၄) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၁၀၈) အရှင်ကေသဝ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(အထူးအောင်)

၁၃။ ပလ္လင်အမှတ် (၁၁၀) အရှင်ကောဝိဒ(မွန်)၊ အသက် (၂၅)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ်(၁၁၁) အရှင်အဂ္ဂဉာဏ၊ အသက်(၂၅)နှစ် သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ်(၁၁၄) အရှင်သောပါကာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ်(၁၁၇) အရှင်ဝါသဝ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ်(၁၁၈) အရှင်ကုမာရ(ဒေးဒရဲ)၊ အသက်(၂၅)နှစ်၊ သိက္ခာ (၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ်(၁၁၉) အရှင်ဉာဏဓမ္မာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်၊ ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ်(၁၂၀) အရှင်သောမသာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ်(၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ပလ္လင်အမှတ်(၁၂၂) အရှင်ကုဝေရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ ဖြူးကုန်းတောရပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ပလ္လင်အမှတ်(၁၂၅) အရှင်ပညာလောကာလင်္ကာရ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၂)ဝါ၊ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ်(၁၃၈) အရှင်ဝရဉာဏ(မွန်)၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (အထူးအောင်)

၂၃။ ပလ္လင်အမှတ်(၁၄၈) အရှင်စန္ဒသာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ သာမဏေကျော် ပရိယတ္တိစာသင်တိုက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ်(၁၅၀) အရှင်ဉာဏဗလာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋက ကမ္ဘောဇကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၂၅။ ပလ္လင်အမှတ်(၁၅၂) အရှင်သုစိတ္တာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ (၇)ဝါ သိန်းသန်းရတနာကျောင်း၊ မိုးကောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ်(၁၅၃) အရှင်ပရမ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၇။ ပလ္လင်အမှတ်(၁၅၅) အရှင်ဆေကာနန္ဒ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၈။ ပလ္လင်အမှတ်(၁၆၅) အရှင်ပညာသိရီ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ်(၁၆၆) အရှင်ပဏ္ဍိတဝံသ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ ဓမ္မမာမကပရိယတ္တိစာသင်တိုက်၊ မတ္တရာမြို့၊ မန္တလေးတိုင်းဒေသကြီး (အထူးအောင်)

၃၀။ ပလ္လင်အမှတ်(၁၆၇) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်၊ ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ်(၁၆၈) အရှင်တေဇနိယ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ပလ္လင်အမှတ်(၁၇၃) အရှင်နန္ဒသာမိ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၃)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ်(၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ပလ္လင်အမှတ်(၁၇၈) အရှင်တေဇသိရီ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ ဓမ္မဒူတဇေတဝန်ကျောင်းတိုက်၊ အောက်ဝါးနက်ချောင်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၄။ ပလ္လင်အမှတ်(၁၈၂) အရှင်ပညာသာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ပလ္လင်အမှတ်(၁၈၅) အရှင်အစ္ဆရိယ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၆။ ပလ္လင်အမှတ်(၁၈၆) အရှင်တေဇဉာဏ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၇။ ပလ္လင်အမှတ်(၁၉၆) အရှင်တေဇာနန္ဒ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၈။ ပလ္လင်အမှတ်(၁၉၈) အရှင်ဝါယမ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကဓမ္မပါလကျောင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၉။ ပလ္လင်အမှတ်(၂၀၀) အရှင်ခေမာစာရ(ညောင်ဦး)၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၀။ ပလ္လင်အမှတ်(၂၀၄) အရှင်ပညာနန္ဒာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ (၆)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်၊ ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၁။ ပလ္လင်အမှတ်(၂၀၈) အရှင်ဇဝနာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ ရွှေဥမင်ဓမ္မသုခတောရစာသင်တိုက်၊ ကုန်းတလပေါင်းစံပြကျေးရွာ ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၂။ ပလ္လင်အမှတ်(၂၁၀) အရှင်သံဝရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၄)ဝါ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၃။ ပလ္လင်အမှတ်(၂၁၇) အရှင်ပညာဒီပ၊ အသက်(၂၁)နှစ်၊ သိက္ခာ(၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး


### ပြန်ကြားရေးဝန်ကြီးဌာန
### မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
### စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကိုပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) 3 KW TV Transmitter (Dual Cast) — 1 Set
(ခ) Rail Camera (Studio Type) — 1 Set
(ဂ) News Room Computer System — 1Lot
(ဃ) Broadcasting Equipment — 1Lot
(င) Air Condition System — 1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၁-၂၀၁၄ ရက်မှ ၂၄-၁-၂၀၁၄ ရက် နေ့ထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း) တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၁-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁










### ပြည်ထဲရေးဝန်ကြီးဌာန
### အကျဉ်းဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အလုပ်စခန်းများမှ အကျဉ်းသား၊ အချုပ်သား၊ ရဲဘက်များအတွက် စားသုံးရန်လိုအပ်သော ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူရန် ပြည်တွင်းရှိ မြန်မာနိုင်ငံသား ဆန်ကုန်သည်များနှင့် ဒေသဆန်ကုန်သည်များအား ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်မှာ - ၁၇-၁-၂၀၁၄ရက် ၁၃း၀၀ နာရီဖြစ်ပါသည်။

၃။ တင်သွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/နှုန်းဖြင့် ၁၁-၁-၂၀၁၄ ရက်မှ ၁၆-၁-၂၀၁၄ရက်အထိ ၉း၃၀ နာရီမှ ၁၆း၀၀နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူးရုံးတွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၀၁-၂၁၇၅၂၀၊ ၀၁-၂၁၇၅၂၁၊ အကျဉ်းဦးစီးဌာန၊ ဖုန်း-၀၁-၆၄၂၄၉၅၊ ၀၁-၆၄၂၄၉၆၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးများ ဖုန်း-၀၁-၂၀၁၇၆၁၊ ၀၁-၂၄၅၂၆၀၊ ၀၅၆-၂၁၀၄၂၊ ၀၁-၆၄၅၈၂၄၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး ဖုန်း-၀၁-၅၇၉၀၀၃၊ ၀၁-၅၃၆၁၂၇၊၀၅၆-၂၁၁၄၂၊ ၀၁-၆၄၂၂၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
အကျဉ်းဦးစီးဌာန

## စနေသားလေး

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရွှေတိဂုံစေတီတော်သို့ နိုင်ငံခြားသားဧည့်သည်များ နေ့စဉ်နှင့်အမျှ ပိုမိုဝင်ရောက်လျက်ရှိရာ ဇန်နဝါရီ ၈ ရက် ညနေ ၃ နာရီခန့်က စနေထောင့်ဂြိုဟ်တိုင်၌ ဘုရားရုပ်ပွားတော်အား နိုင်ငံခြားသား ဧည့်သည်တစ်ဦးက ရေသပ္ပာယ်နေသည်ကို တွေ့မြင်ခဲ့ရသည်။ အလွန်ပင်တွေ့ရခဲသောမြင်ကွင်းဖြစ်သည်။

သူ၏လုပ်ဆောင်မှုကို တွေ့မြင်လိုက်ရသူအားလုံးက သဘောကျပြုံးကြည့်နေကြသည်။ ထိုအထဲ အမှတ်မထင်ကြားလိုက်ရသည်က "သူ စနေသားလေးဖြစ်မှာပါ"ဟု ဆိုသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**



## ဘုတ်ပြင်းမြို့နယ် မြန်မာ့အဏ္ဏဝါအမျိုးသားဥယျာဉ်လန်ပိကျွန်း လခြမ်းအော်တွင် ကမ်းတင်သေဆုံးသည့် ဝေလင်း၏ တွေ့ရှိချက်

**ဘုတ်ပြင်း ဇန်နဝါရီ ၁၀**

ဘုတ်ပြင်းမြို့နယ် မြန်မာ့အဏ္ဏဝါအမျိုးသားဥယျာဉ် လန်ပိကျွန်းအနီး လခြမ်းအော်တွင် ဝေလငါးတစ်ကောင် ကမ်းတင်သေဆုံးမှု ဇန်နဝါရီ ၁ ရက်က ဖြစ်ပွားခဲ့ပြီး အဆိုပါသတင်းအရ ဘုတ်ပြင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ပါမောက္ခ/ဌာနမှူးဦးစီးသည့် ပညာရှင်များအဖွဲ့သည် ဇန်နဝါရီ ၄ ရက်က အဆိုပါနေရာသို့ သွားရောက်လေ့လာခဲ့ကြသည်။ **(အောက်ပုံ)**

လေ့လာတွေ့ရှိချက်အရ ယင်းဝေလငါးသည် Ship Strike (ရေယာဉ်၏ ပန်ကာဖြင့် ထိခိုက်မိခြင်း)ဖြစ်သည်ဟု ယူဆရသည့် အမြီးဖျားပြတ်ရှဒဏ်ရာတစ်ချက်နှင့် ဘေးရေယက်အောက်ဘက်တွင် ကြီးမားသည့် ပြတ်ရှဒဏ်ရာကိုးချက်ဖြင့် လာရောက်ကမ်းတင်၍ သေဆုံးခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

အဆိုပါသေဆုံးနေသည့် ဝေလငါးကြီးမှာ အရှည် ၄၇ ပေခန့်၊ အကြီးဆုံးနေရာလုံးပတ် ၂၄ ပေခန့်ရှိပြီး အမြီးဖျားရေယက်အကျယ် ၁၀ ပေ ခြောက်လက်မခန့်၊ ဦးခေါင်းအရှည် ၁၀ ပေခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရသည်။ လေ့လာချက်များအရ အဆိုပါဝေလငါးသည် အမဖြစ်ကာ ၎င်း၏လက္ခဏာများမှာ Family-Balaenopteridae မျိုးရင်းဝင် Baleen Whale ဝေလငါးမျိုးဖြစ်နိုင်ကြောင်း ယူဆရ၍ Balaenoptera edeni (Anderson, 1879) မျိုးစိတ်အများဆုံး ဖြစ်နိုင်သည်ဟု လေ့လာရေးအဖွဲ့၏ ခန့်မှန်းသုံးသပ်ချက်များအရ သိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**






## ဒသမအကြိမ် အာရှ-ပစိဖိတ် စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်နည်းပညာတက္ကသိုလ်၊ တိုကျိုတက္ကသိုလ်(ICUS)နှင့် ACT Foundation တို့ ပူးပေါင်း၍ ဒသမအကြိမ်မြောက် အာရှ-ပစိဖိတ်စာတမ်းဖတ်ပွဲ (10th Asia-Pacific Seminar)ကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star Hotel ၌ကျင်းပရာ ACT Foundation မှ အကြံပေး Mr. Tomoyoshi Kancko နှင့် တိုကျိုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် Mr. Takehiko Kitamori တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့အတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်နှင့် ဂျပန်နိုင်ငံအောက်လွှတ်တော်ကိုယ်စားလှယ် Mr. Yuji Yamamoto တို့ကလည်း နှုတ်ခွန်းဆက်စကားပြောကြားသည်။

စာတမ်းဖတ်ပွဲတွင် စွမ်းအင်နှင့် ရေပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံစီမံဆောင်ရွက်မှုစာတမ်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်မှု၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစာတမ်းပေါင်း ၁၁ စောင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာဆန်စပါးအသင်းချုပ်၊ Sun Tech Company နှင့် ဂျပန်နိုင်ငံမှ တိုကျိုတက္ကသိုလ်၊ အာရှစက်မှုတက္ကသိုလ်၊ သတင်းအချက်အလက်ဆက်သွယ်ရေး နိုင်ငံတကာ နည်းဗျူဟာဌာန၊ လယ်ယာ၊ သစ်တော၊ မွေးမြူရေးဝန်ကြီးဌာန၊ ဥပဒေအတိုင်ပင်ခံရုံး၊ ကမ္ဘာလုံးဆိုင်ရာ ရေဆိုးသန့်စင်ရေးအဖွဲ့တို့မှ စာတမ်းရှင်တို့က ဖတ်ကြားကြသည်။

စာတမ်းဖတ်ပွဲအထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာစားပွဲကို ည ၇ နာရီတွင် ကန်တော်ကြီးပန်းခြံရှိ Western Park Royal Restaurant ၌ ကျင်းပသည်။

**(သတင်းစဉ်)**

## ခရီးသည်မှ ရွေးချယ်နိုင်သည့်အခြေအနေများရှိလာသော်လည်း ရန်ကုန်တက္ကစီများဈေးမြင့်နေဆဲ

**ရန်ကုန် ဇန်နဝါရီ ၁၀**

ယခုအခါ ရန်ကုန်မြို့တွင် တက္ကစီယာဉ်များပြားစွာ ရှိလာကာ ခရီးသည်ဘက်မှ ရွေးချယ်စီးနင်းနိုင်သော်လည်း စီးနင်းခတောင်းယူမှုမှာ မြင့်မားနေဆဲဖြစ်ကြောင်း သိရသည်။

"အရင်ကတော့ ကားရှားလို့ဆိုပြီးတော့ ပိုပေးပြီး သူတို့တောင်းသလောက်နဲ့ စီးနင်းကြရတယ်။ အခုတော့ ရွေးချယ်စရာ ပိုလာပေမယ့် ကားခတောင်းတာ လျော့မသွားတဲ့အပြင် လမ်းကျပ်လို့တို့၊ အပြန်မှာ ခါလီပြန်ရမှာမို့လို့တို့ ဆိုပြီး အကြောင်းပြပိုတောင်းတာတွေရှိနေဆဲပါပဲ"ဟု နေ့စဉ် တက္ကစီယာဉ်ဖြင့် သွားလာနေရသူ ဆောက်လုပ်ရေးကုမ္ပဏီမှ အရာရှိတစ်ဦးက ပြောသည်။

ယခင်က ပန်းဆိုးတန်းမှ မြေနီကုန်းအထိ တက္ကစီစီးနင်းခမှာ ကျပ် ၁၅၀၀ သာရှိသော်လည်း ယခု ကျပ် ၂၅၀၀ ဖြင့် တောင်းယူနေသလို စီးနင်းမည့် လူများလာပါက ကျပ် ၃၀၀၀၊ ၃၅၀၀ အထိ စီးနင်းခတောင်းယူနေခြင်းဖြစ်ကြောင်း၊ ပန်းဆိုးတန်းနှင့် ဗိုလ်ချုပ်ဈေးလောက်အကွာအဝေးကိုပင် ယခင် ကျပ် ၁၀၀၀ မှ ယခု ကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀အကြား တောင်းခံကာ တက္ကစီတိုင်းငှားမရဘဲ လမ်းကြောပိတ်သည်ဟု အကြောင်းပြမှုများရှိကြောင်း ကိုယ်တိုင်ကြုံတွေ့သူတစ်ဦးထံမှ သိရသည်။

ထိုသို့တောင်းသည့် ငွေအတိုင်းမပေးဘဲ ဈေးဆစ်မှုကို လက်ခံအငှားလိုက်သော တက္ကစီများသည် အရှိန်ဖြင့်မောင်း၍ လမ်း၌ ခဏခဏရုတ်တရက်ဘရိတ်နင်းကာ စီးနင်းသူကို ထိတ်လန့်စေရန်လုပ်ဆောင်တတ်ခြင်း၊ အချို့သည် ငှားရမ်းစီးနင်းသူက ပို့ခိုင်းသော နေရာရှိ ဘေးကင်းလုံခြုံသော နေရာ၌မရပ်ဘဲ ယာဉ်ကြောထူထပ်သည့်ကြားတွင် ရပ်ခြင်း၊ ဘတ်စ်ကားမှတ်တိုင်တွင် ရပ်တန့်၍ခရီးသည်ကို ချခြင်းစသည်ဖြင့် လုပ်ဆောင်နေကြခြင်းဖြစ်သည်ဟု သိရသည်။

ရန်ကုန်မြို့တွင် ယခင်က ထာဝစဉ်တက္ကစီအဖြစ် "ကက"၊ "ခခ"နံပါတ်နှင့် အိမ်စီးယာဉ်များမှ လုပ်ငန်းလိုင်စင်ယူ၍ နံပါတ်အနီပြောင်းကာ တက္ကစီပြေးဆွဲခြင်းများရှိခဲ့ပြီး ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုးလဲလှယ်သော အစီအစဉ်ဆောင်ရွက်ပြီးနောက် ထာဝစဉ်တက္ကစီအဖြစ် "AA"၊ "BB"နံပါတ်များမှ ယခု "DD"နံပါတ်အထိရှိလာပြီး ရန်ကုန်မြို့တွင် များပြားစွာ မြင်တွေ့လာရကြောင်း သိရသည်။

**(၆၈၀)**



# နှစ်ပင်လိမ် ရင်လှိုက်ဖို

မြေနီသစ္စာ

Double-double Cross ကို စာရေးဆရာကြီး ဒဂုန်ရွှေမျှားက နှစ်ပင်လိမ်ဟု မြန်မာပြည်၏ ရုပ်ရှင်တွင်ဇာတ်ဝင် ခန်းများရှိ၏။ ဘာကြောင့် နှစ်ပင်လိမ်ရသည်ကို အကျိုးသင့်အကြောင်းသင့်ရှိ၏။ ခိုင်လုံသောအကြောင်းပြချက်တို့ရှိ၏။ ယင်းကို ယခုဖော်ပြပါဇာတ်ဝင်ခန်းကလေးတစ်ခုဖြင့် လေ့လာကြည့်ကြပါစို့။

ဇာတ်ဝင်ခန်းတွင် အဘွား A နှင့် အသက်(၂၀)အရွယ် မြေးမကလေး B တို့နှစ်ဦးပါ၏။ အချိန်က ည ၁၀ နာရီ။ မြေး B အခန်းတွင် စာရေးစားပွဲနှင့် နံရံထိပ်မှာ တိုင်ကပ်နာရီရှိသည်။ ည ၁၀ နာရီ ထိုးရန် တစ်မိနစ်သာလိုတော့၏။ မြေးမ B သည် တစ်စုံတစ်ရာကို စောင့်လင့်နေဟန် ထိုင်ရမလို ထရမလို ဖင်တကြွကြွရှိနေ၏။

ယင်းအခိုက် နာရီကို မျက်နှာပြုထားသည့် အပြင်ဘက်ကို ဖွင့်ပိတ်ရသည့် တံခါးမကြီးမှနေ၍ A4 အရွယ် စာတစ်စောင်သည် လျှောခနဲဝင်လာသည်။ ယင်းစာသည် တံခါးမကြီးအောက်က ဖုန်မှုန့်များလှည်းကျင်းနိုင်ရန် တစ်လက်မခန့်ဟထားသောအပေါက်က ဝင်ရောက်လာခြင်းဖြစ်၏။ "တွေ့နေကျ ထင်းရှူးပင်အောက် ည ၁၀ နာရီ ၁၅ မိနစ်"ဟုပါ၏။ B ချစ်သူက B ကိုချိန်းဆိုလိုက်ခြင်းပင်။ ဤစာကိုသာ အဘွား A တွေ့သွားပါက ပြဿနာတက်မည်ပင်။

ယင်းကြောင့် B သည် သွက်လက်စွာ မတ်တတ်ရပ်၊ စာဆီသို့ B သွားရန် ခြေနှစ်လှမ်း လှမ်းရမည်။ ခြေလှမ်းပြင်တော့မည့်အလုပ်မှာ ဖျတ်ခနဲ ဘေးတံခါးပွင့်လာ၏။ ကန့်ထားသော B အခန်းနှင့် အဆက်အသွယ်ရရန် ဘေးတံခါးတစ်ချပ်ထားရှိခြင်းဖြစ်၏။ ဘေးတံခါးဝမှာ ကပ်လာသူက အဘွား A၊ A က မြေးမ B ကို စူးစမ်းသော အကြည့်ဖြင့် လှမ်းကြည့်၏။ အဘွား A ကို ကြောက်ရသော B သည် စာကိုသွားယူမည်ဟုထလျက် ရွေ့လျားမည့်ဟန်ပြင်မည့် အခိုက်အတန့်မှာပင် အဘွားက တစ်ဖက်ခန်းတံခါးကိုဖွင့်ကာ တံခါးဝမှာရောက်လာခဲ့ခြင်းပင်။

အခန်းအလယ်မှာ အလျား ၁၂ လက်မ၊ အနံ ရှစ်လက်မအရွယ် A4 စာရွက်တစ်ရွက်၊ စာရွက်မျက်နှာပေါ်မှာ "တွေ့နေကျ ထင်းရှူးပင်အောက်၊ ည ၁၀ နာရီ ၁၅ မိနစ်"ဆိုသော မိုးပြာရောင်မင်ဖြင့် A4 စာရွက်အပြည့်ရေးထားသော စာကခိုးထုပ်ခိုးထည်နှင့် အမိခံရသော အသွင်အပြင်သို့ ရောက်လျက်ရှိ၏။

B မြေးမငယ် ဘာဆက်လုပ်မည်လဲ၊ အခန်းအလယ်တည့်တည့်က A4 စာရွက်ကို ဖျောက်ဖျက်ဖို့က ဘယ်လိုမှ မဖြစ်နိုင်။ B ခမျာ A နှင့်မျက်နှာချင်းဆိုင်တွေ့နေကြပြီဆိုတော့ ကိုယ်ယောင်ဖျောက် A4 စာရွက်ဖျောက်ဖို့က စဉ်းစားလို့ပင်မဝံ့။ ခက်ပြီ။ B လည်စင်းခံရုံပင်။

ယင်းတစ်ချိန်တည်းမှာပင် အဘွား A က နာရီကို မော့ကြည့်၍ ည ၁၀ နာရီ တစ်မိနစ်၊ နောက်မြေးမ B ကိုကြည့်၏။"ည ၁၀ နာရီထိုးပြီးသွားပြီ။ သမီးဒီအချိန်ထိ ဘာလုပ်နေတာလဲ"ဟု A ကမေး၏။ B ကလည်း စားပွဲပေါ်မှာ စာအုပ်တစ်ချို့ အသင့်တင်ထား၏။ A နှင့်ပက်ပင်းတိုးလျှင် B ဘက်က ကာကွယ်ပြောဆိုရန် သက်သေခံဖြစ်၏။ "စာကြည့်နေလို့ပါ အဘွား" ဟု B က တိုတိုနှင့်လိုရင်းဖြေ၏။ အခန်းတွင်း မီးရောင်က B မျက်နှာကို အရိပ်တချို့ဖြင့် ကွယ်ပေးထားသလိုဖြစ်ရာ မျက်နှာပျက်နေသော B မျက်နှာအနေအထားကို A မမြင်ရပေ။ ယင်းကြောင့် A က B သည် သူ့ကို ပုံမှန်ပြောနေသည်ဟု ထင်၏။ စက္ကန့်တိုင်း မိနစ်တိုင်းတွင် B ကို အခန်းအလယ်ရှိ A4 စာရွက်ကြီးမှ ဒီသက်သေခံစာကြီးက "ညည်းပြေးမလွတ်တော့ဘူး"ဟု ခြိမ်းခြောက်လျက်ရှိ၏။

"အိပ်ရေးပျက်လို့ ဖျားနေဦးမယ်၊ သမီးအိပ်တော့" ဟု A က B ကိုကြင်နာစွာပင်စကားကိုအစသတ်၏။ "ဟုတ်ကဲ့" ဟူသော B အသံကြားလျှင်ပင် A သည် သူ့အခန်းသို့လှည့်ပြန်တော့မည်ဟုထင်မှတ်ရ၏။ ယင်းအထင်လုံးဝမှား၏။ A သည်ကိုယ်ကိုယို့ကာ စောင်းငဲ့လိုက်၏။ သူ့မျက်လုံးသည် A4 စာရွက်ဆီသို့ ရောက်သွား၏။ A လက်တစ်ဖက်သည် A4 စာရွက်ဆီသို့ဦးတည်သွား၏။ တကယ်ပင် A4 စာရွက်ကိုလှမ်းကောက်လိုက်ခြင်းဖြစ်၏။

ပရိသတ်များခင်ဗျား ဤရုပ်ရှင်ပြကွက်အတိုင်းဆိုပါလျှင် မြေးမ B ၏ ပိုင်းပင်အောက်မှာ ရည်းစားနှင့်ချိန်းတွေ့မည့်ကိစ္စသည် သေချာပေါက်ပေါ်တော့မည်ဖြစ်၏။ ပရိသတ်သည် ပထမဆုံးအကြိမ် ဘေးတံခါးဖွင့်လာပြီး အဘွား A ရပ်ကတည်းက "ဟာ သွားပြီ မိတော့မှာပဲ" ဟုသေချာပေါက်ထင်ခဲ့ကြ၏။ မမိဘဲထွက်သွားတော့မည်လုပ်ပြီးမှ A4 စာရွက်ကို A လှမ်းကောက်ယူလိုက်သည့်နောက်မှာတော့ ရည်းစားနှင့်ချိန်းထားသည့်ကိစ္စသေချာ ပေါက်မိပေတော့မည်။ မိလျှင်မလှုပ်သာအောင် B ချုပ်ချယ်ခံရတော့မည်ပင်။

မထင်မှတ်သောအကြောင်းတရားပင်။ အဘွား A သည် A4 စာရွက်ကိုလှမ်းကောက်ယူပြီးသော် မြေး B ကကမ်းလင့်လျက်။ "ရော့၊ သမီးစာရွက်ကျနေတယ်" ဟုပြောပြီး မြေး B ကစာရွက်လှမ်းအယူမှာ A သည် သူ့အခန်းထဲသို့ တန်းဝင်လျက် တံခါးကိုတစ်ခါတည်းပိတ်လိုက်တော့၏။

ယင်းသည် နှစ်ပင်လိမ်ရင်လှိုက်ဖိုပြကွက်ဖြစ်၏။ A4 စာရွက်ကြီး အခန်းအလယ်တည့်တည့်မှာ ရောက်လာသည်။ စာကိုအလွယ်တကူ ဖတ်၍ရအောင် လုန်ပြီးပြထားသည်။ စာလုံးကလည်း ချက်ချင်းဖတ်၊ ချက်ချင်းမြင်သည့် စာလုံးအကြီးစား။ ယင်းသည်ပရိသတ်ကို သည်းထိတ်လှိုက်ဖိုအောင် ဒါရိုက်တာက ရုပ်ရှင်ပစ္စလက်အတတ်ဖြင့် ပြုစားထားခြင်းပင်။ ပရိသတ်က "ဟာဒါလောက်ထင်ထင်ရှားရှားကြီး စာရွက်ကလည်း တစ်ခန်းလုံး ပြောင်ရှင်းလင်းနေတဲ့ ကြမ်းပြင်မှာ ထီးတည်းကြီးသေချာပေါက် ပြဿနာဖြစ်တော့မှာပဲ" ဟု တွေးပူ၏။

သို့သော် ကမ္ဘာကျော်လျှို့ဝှက်သည်းဖိုဒါရိုက်တာကြီး ဟစ်ချ်ကော့သည် ပရိသတ်စိတ်ပူတာ မှားသွားအောင် "ရော့ သမီးစာရွက်ကျနေတယ်" ဟုစာပြန်ပေးလိုက်ခြင်းဖြင့် ပရိသတ်ရင်ဖိုနေသည်ကို ဆွဲနုတ်ဖြေသွား၏။ ဤဇာတ်ဝင်ခန်းသည် Double-double Cross ဟုပြောရလောက်အောင် ပရိသတ်ရင်ဖိုအောင် နှစ်ဆင့်ဖြုတ်သည်။ နှစ်ပင်လိမ်သည်။ ပထမတစ်ပင်က အခန်းအလယ်မှာ A4 စာရွက်၊ ရုတ်တရက်အဘွားA တံခါးဖွင့်ဝင်လာသောအခန်း ပရိသတ်တို့က B ရည်းစားနှင့်ချိန်းထားတာ သေချာပေါက်မိပြီဟု ထင်၏။ "အိပ်တော့သမီး" ဟု ပြောပြီး B ပြန်ထွက်သွားမည်လုပ်တော့ ပရိသတ်ရင်အေးသွားပြီး တစ်ပင်ပြုတ်သွား၏။

တစ်ပင်ပြုတ်သည်ဟု ထင်မိရုံရှိသေး၊ A အဘွားက A4 စာရွက်ကို ကောက်ယူလိုက်တော့ ဒီတစ်ခါတော့ ဘယ်လိုမှပြေးမလွတ်။ B အပြစ်မိသွားပြီဟု ဒုတိယတစ်ပင်ထပ်လိမ်၏။ "ရော့ သမီးစာရွက်ကျနေတယ်" ဟု ပြောပြီး A ပြန်ထွက်သွားမှ ပရိသတ်တို့အလုံးကျသွားတော့၏။ ယင်းကိုနှစ်ပင်လိမ်ဟုပြောခြင်းဖြစ်၏။ ပရိသတ် ရင်လှိုက်သည်းဖိုရသရအောင် နှစ်ပင်လိမ်ခြင်းဖြစ်၏။

ကမ္ဘာကျော်စာရေးဆရာမကြီး Daphene Dumarier ၏ Rebecca ထဲက ဟစ်ချ်ကော့လက်ရာ။ ဤနှစ်ပင်လိမ်ပြကွက်ကလေးသည် နှစ်ပေါင်းငါးဆယ်ကြာခဲ့သော်လည်း ယနေ့တိုင်အမှတ်ရနေဆဲပင်။ ရုပ်ရှင်ပညာရှင်သည် သူချစ်သောပရိသတ်တို့ တသသဖြစ်နေအောင် ပေါ့ပါးစွာအားထုတ်ချက်ပင်ဖြစ်၏။ ဤ Aနှင့်B တို့ အခန်းတစ်ခန်းထဲမှာ ရင်ဖိုအောင် ရိုးရိုးကလေးနှင့် နှစ်သက်စဖွယ်ပြကွက်ကလေးကား စာရေးဆရာဒက်ဖန်ဒူမော့ရီးယား၊ ဒါရိုက်တာ ဟစ်ချ်ကော့ကိုသာမက သရုပ်ဆောင် Aနှင့်B တို့ကိုပါ သတိတရ အမှတ်ရနေအောင် နှစ်ပင်လိမ်ပြကွက်ဖြင့် ရာသက်ပန်စိမ်းစိုလန်းဆန်းနေစေရန် ပြုစားခဲ့ကြလေသည် တကား။ ။



# အမေရိကန်ဂီတလောကတွင် ပထမဆုံးမှတ်တိုင်စိုက်ထူနိုင်ခဲ့သည့်

## တေးသံရှင် အဒဲလ်

၂၀၁၁ ခုနှစ်အတွင်းက ထွက်ရှိခဲ့သည့် ဂီတကြယ်ပွင့် တေးသံရှင် အဒဲလ်၏ ဒုတိယမြောက် တေးအယ်လ်ဘမ် 21သည် ယခုအချိန်ထိတိုင် အမေရိကန်ဂီတလောကတွင် ရောင်းအားကောင်းလျက်ရှိပြီး အင်တာနက်မှ တစ်ဆင့် ဒေါင်းလုတ်ရယူနားဆင်မှု အကြိမ်ပေါင်း သုံးသန်းကျော်မျှရရှိကာ ဒီဂျစ်တယ်ရောင်းအားစနစ်တွင် မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။

ထို့အပြင် တေးသံရှင် အဒဲလ်သည် အမေရိကန်ဂီတလောက၏ ဒစ်ဂျစ်တယ်စနစ်ဖြင့် ရောင်းချမှုတွင် မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့သည့် ပထမဆုံးသော ဂီတ ကြယ်ပွင့်လည်းဖြစ်သည်။ အဒဲလ်၏ အဆိုပါ 21 အယ်လ်ဘမ်သည် အမေရိကန်တစ်နိုင်ငံတည်းတွင် အချပ်ရေပေါင်း ၁၀ သန်းကျော် ရောင်းချ ခဲ့ရပြီး တစ်ကမ္ဘာလုံးအတိုင်းအတာ အနေဖြင့် အချပ်ရေပေါင်း ၂၅ သန်းကျော် ရောင်းချခဲ့ရသည့် အယ်လ်ဘမ်တစ်ခုလည်းဖြစ်သည်။

ယင်းအပြင် အဆိုပါအယ်လ်ဘမ်သည် ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များတွင် နှစ်နှစ်ဆက်တိုက် ရောင်းအားအကောင်းဆုံး အယ်လ်ဘမ်ဖြစ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင်လည်း အမေရိကန်နိုင်ငံ၏ ရောင်းအားအကောင်းဆုံး အယ်လ်ဘမ်အဖြစ် ရပ်တည်ခဲ့ကာ ဆုပေါင်းများစွာလည်း ရယူဆွတ်ခူးခဲ့သည့် အယ်လ်ဘမ်တစ်ခုဖြစ်သည်။

ယခုလက်ရှိတွင် တေးသံရှင် အဒဲလ်က သူ၏ တတိယမြောက် အယ်လ်ဘမ်အတွက် ပြင်ဆင်လျက်ရှိပြီးယင်းကို ယခုနှစ်နှောင်းပိုင်းတွင် ထွက်ရှိရန်မျှော်လင့်ထားကြောင်းသိရသည်။

မျိုးစန္ဒာမောင်











## ကားရောင်း

- ဒဂုံ Wagon ဂျစ် ၈၈/---- (၄၀)သိန်း
- Grand Tiger Double Cab (၉၂)သိန်း
- Light Truck 97 (၉၂)သိန်း
- Nissan 7seater, Diesel (၇၅)သိန်း

Ph: 09-31075368





## ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ဦးသန်းထွန်း **(TGA)** သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ(၁/၂၀၁၄)ဖြင့် သာသနာတော်ဆိုင်ရာ သီဟသုဓမ္မမဏိဇောတဓရဘွဲ့ တံဆိပ် ချီးမြှင့်ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် သာသနာအကျိုးများ ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်စေရန် ဆုမွန်ကောင်းတောင်းလျက်။

ဗိုလ်မှူးကြီးညွန့်လွင်(ငြိမ်း)
ဥက္ကဌ
သီဟထွန်းကုမ္ပဏီလီမိတက်
မုံရွာမြို့

# ဘာကလေပရီမီယာလိဂ် ဒီဇင်ဘာလ တစ်လတာအကောင်းဆုံးဆုများ လီဗာပူးတိုက်စစ်မှူး ဆွာရတ်ဇ်နှင့် မန်စီးတီးနည်းပြ ပယ်လီဂရီနီတို့ ရရှိ






လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်သည် ဘာကလေ၏ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတစ်လတာ အကောင်းဆုံးကစားသမားဆုကို သွင်းဂိုး ၁၀ ဂိုးဖြင့် ရရှိဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ မန်စီးတီးနည်းပြ မယ်နူရယ် ပယ်လီဂရီနီသည် ဘာကလေ ပရီမီယာလိဂ်၏ ဒီဇင်ဘာလတစ်လတာ အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူး နိုင်ခဲ့ကြောင်း သိရသည်။ ယင်းသည် ၎င်း၏ ပထမဆုံးသော ပရီမီယာလိဂ်နည်းပြ အဖြစ် ရရှိခဲ့သည့် ဆုတစ်ဆုဖြစ်ကြောင်းလည်း သိရသည်။

ဆွာရတ်ဇ်အနေဖြင့် ဝက်စ်ဟမ်းနှင့်ပွဲတွင် နှစ်ဂိုး၊ စပါးနှင့်ပွဲတွင် နှစ်ဂိုးနှင့် ကာဒစ်ဖ်နှင့်ပွဲတွင် နှစ်ဂိုးသွင်းယူပေးခဲ့ကာ ခရစ္စမတ်ပွဲတော်ကာလအတွင်း လီဗာပူးအသင်းကို အမှတ်ပေးဇယားထိပ်တွင် ရပ်တည်နိုင်အောင် စွမ်းဆောင် ပေးနိုင်ခဲ့ခြင်းကြောင့် ဘာကလေ၏ ဒီဇင်ဘာတစ်လတာ အကောင်းဆုံးဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ ပယ်လီဂရီနီသည်လည်း မန်စီးတီးအသင်း၏ ဒီဇင်ဘာလအတွင်း ၁၉ ဂိုးတိတိ သွင်းယူနိုင်မှုနှင့်အတူ ပရီမီယာလိဂ်ပြိုင်ဘက် ထိပ်သီးအသင်း များကို အနိုင်ယူနိုင်အောင် စွမ်းဆောင်နိုင်မှုများကြောင့် ဘာကလေ၏ဒီဇင် ဘာတစ်လတာ အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ရာမည

# စပါးတိုက်စစ်မှူး ဂျာမိန်းဒီဖိုး မေဂျာလိဂ်သို့ပြောင်းရန် သဘောတူညီမှုရရှိ



ပရီမီယာလိဂ်ကလပ် စပါးတိုက်စစ်မှူး ဂျာမိန်းဒီဖိုးသည် မေဂျာလိဂ်ကလပ် တိုရွန်တိုအသင်းသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဒီဖိုးသည် ကနေဒါကလပ် တိုရွန်တိုအသင်းသို့ လာမည့်ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြောင်းရွှေ့မည်ဖြစ်သည်ဟု သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ဒီဖိုးသည် စပါးအသင်းအတွက် ပွဲပေါင်း ၂၅၀ ကျော်ကစားပေးခဲ့ပြီး ၎င်းအနေဖြင့် မေဂျာလိဂ်သို့မပြောင်းရွှေ့ခင်ကာလအထိ စပါးအသင်းအတွက် အကောင်းမွန်ဆုံးစွမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြား ခဲ့သည်။

ဒီဖိုးသည် တိုရွန်တိုအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆို မည်ဟု သဘောတူညီခဲ့သော်လည်း ၎င်း၏ပြောင်းရွှေ့ရမည့်ရက်မတိုင်ခင်ကာလ အထိ စပါးအသင်းအတွက် ပေးဆပ်သွားမည်ဆို၏။

ဒီဖိုးသည် ၂၀၀၄ ခုနှစ်တွင် ဝက်စ်ဟမ်းအသင်းမှ စပါးသို့ပေါင် ခုနစ် သန်းဖြင့် ရောက်ရှိလာသူဖြစ်ပြီး ၎င်းသည် စပါးအတွက် ၁၇၈ ပွဲကစားပြီးချိန်တွင် ၆၄ဂိုး အထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

# ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ဆုံးကသုံးသင်း အဝေးကွင်းပွဲကစားရမည့် ပွဲစဉ်(၂၁)

ဝင်းထွန်းဦး

၂၀၁၃-၂၀၁၄ ရာသီ အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဩဂုတ် ၁၇ ရက်က စတင်ကျင်းပခဲ့ရာ ဒီဇင်ဘာ ၁၁ ရက် (ယနေ့)ကစားမည့်ပွဲစဉ်ဆိုလျှင် ပွဲစဉ်(၂၁)အထိ ရောက်ရှိလာပြီဖြစ်သည်။ နောက်ဆုံးကစားခဲ့သည့် ပွဲစဉ် (၂၀)အပြီး အမှတ်ပေးဇယားထိပ်ဆုံးသုံးနေရာမှာ အာဆင်နယ်၊ မန်စီးတီး၊ ချယ်လ်ဆီးတို့ အစဉ်လိုက် ရပ်တည်နေသည်ကို တွေ့ရသည်။ အာဆင်နယ် (အဆင့်- ၁၊ ရမှတ်- ၄၅ မှတ်)၊ မန်စီးတီး(အဆင့်- ၂၊ ရမှတ်- ၄၄ မှတ်)၊ ချယ်လ်ဆီး(အဆင့်- ၃၊ ရမှတ်- ၄၃ မှတ်)တို့ဖြစ်သည်။ သုံးသင်းကြားအမှတ် ကွာဟမှုမှာ အလွန်ကျဉ်းမြောင်းလှသည့် အနေအထားဖြစ်နေသည်။ တစ်သင်း နှင့်တစ်သင်းကြား တစ်မှတ်စီသာ ကွာဟနေ၍ ပြိုင်ဆိုင်မှုအပြင်းထန်ဆုံး အခြေအနေရောက်ရှိနေသည်ဟုလည်း ပြောနိုင်ပေသည်။ ချန်ပီယံဆုမျှော်မှန်း နိုင်သည့်အသင်းများဖြစ်၍ ယနေ့ညပွဲစဉ်မှ လက်ကျန်ပွဲစဉ်များအထိ အမှား လုံးဝအဖြစ်ခံ၍ မရတော့ပါ။ ခြေချော်လက်ချော် အတိမ်းအစောင်းဖြစ်မည် ဆိုလျှင် ချန်ပီယံဖြစ်နိုင်မည့် လမ်းကြောင်းပေါ်မှ ဆင်းပေးသွားရမည်မှာ သေချာနေသည်။ ပွဲစဉ်တိုင်း (အိမ်ကွင်းရော၊ အဝေးကွင်းပါ) လိုလိုဂရုစိုက် အားထည့်ရုန်းကြရတော့မည်ဖြစ်သည်။

ယခုပွဲစဉ်(၂၁)မှာ အာဆင်နယ်၊ မန်စီးတီး၊ ချယ်လ်ဆီးတို့ သုံးသင်းစလုံး အဝေးကွင်းသွားကစားကြရမည်ဖြစ်သည်။ အာဆင်နယ်သည် အက်စတွန် ဗီလာနှင့် မန်စီးတီးမှာ နယူးကာဆယ်နှင့် ချယ်လ်ဆီးက ဟားလ်စီးတီးနှင့် ကစား ရမည်။ ယနေ့ည ဟားလ်စီးတီးတွင် သွားကစားမည့် ချယ်လ်ဆီးသည် ဟားလ် စီးတီးကွင်း နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု(EPL ပွဲစဉ်)တွင် ရှုံးပွဲမရှိခဲ့။ တနင်္ဂနွေ နေ့ကစားရမည့် မန်စီးတီးသည် နယူးကာဆယ်ကွင်းနောက်ဆုံးတွေ့ဆုံမှုတွင် ရှုံးပွဲမရှိ ခဲ့၊ အင်္ဂါနံနက်ပိုင်းကစားမည့် အာဆင်နယ်သည်လည်း အက်စတွန် ဗီလာကွင်း၊ အိမ်ရှင်နှင့် EPL ပွဲနောက်ဆုံး သုံးပွဲတွေ့ဆုံမှုတွင် ရှုံးပွဲလုံးဝမရှိခဲ့ သည့် မှတ်တမ်းများတွေ့ရ၍ အမှတ်ပေးဇယားထိပ်ဆုံးသုံးသင်းစလုံး ယခုပွဲ တွင် အားသာ ချက်အပြည့်ရှိနေသည်ဟု ဆိုနိုင်သည်။ နောက်ဆုံးကစားခဲ့သည့် အမှတ်ပေးပွဲ သုံးပွဲဆက်တိုက်တွင်လည်း အဝေးကွင်း ပွဲသွားကစားရမည့် သုံးသင်းစလုံး နိုင်ပွဲများဖြင့် ရလဒ်ကောင်းများအရယူနိုင်ခဲ့သည်။ အိမ်ကွင်း၊ အဝေးကွင်းမရွေးဘဲ တိုက်စစ်အစွမ်းကို ထုတ်ပြနိုင်ခဲ့ကြသည်။ ပွဲတိုင်း (သုံးပွဲစလုံး) ဂိုးသွင်းနိုင်ခဲ့ကြသည်။ ယခုပွဲစဉ်တွင်လည်း ဂိုးသွင်းပြီး ရလဒ်ကောင်းများ ရယူနိုင်ရန် သုံးသင်းလုံး အားကုန်ထုတ်ကြိုးစားယှဉ်ပြိုင်ကြဦးမည်ဖြစ်သည်။ အိမ်ရှင်အသင်းများကလည်း အိမ်ကွင်းအားသာချက်အရယူပြီး အားထည့် ကစားနေကြချိန်ဖြစ်၍ လျှော့တွက်မည်ဆိုလျှင် အာဆင်နယ်၊ မန်စီးတီးနှင့် ချယ်လ်ဆီးတို့ လက်ရှိရပ်တည်မှု(အဆင့်)ကနေ လျှော့ကျသွားပေမည်။ အမှား မများရအောင် အဝေးကွင်းကစားမည့် သုံးသင်းစလုံး အကောင်းဆုံးပုံစံဖြင့် အထူးဂရုစိုက်ကစားကြရပေလိမ့်မည်။

သို့ဖြစ်၍ ပထမအကျော့တွေ့ဆုံစဉ်က အနိုင်ရရှိခဲ့သည့် ချယ်လ်ဆီး (၂-၀)၊ မန်စီးတီး(၄-၀)တို့ ယခုဒုတိယကျော့ အဝေးကွင်းပွဲမှာ "ဘယ်လိုရလဒ် မျိုးနှင့် ရလဒ်ကောင်းရယူနိုင်မလဲ" ရာသီအဖွင့်အိမ်ကွင်းမှာ (၁-၃)ဂိုးနှင့် ရှုံးခဲ့ သည့် အာဆင်နယ် ယခုအဝေးကွင်းမှာ "ရှုံးကြွေးပြန်ဆပ်ပြနိုင်မလား"ဆိုသည် ကို စိတ်ဝင်တစား စောင့်ကြည့်ရင်ခုန်ကြပါစို့။ ။

**2000 Series**
ရော်ဘာပျိုးပင်များရောင်းမည်
တစ်ပင် ၅၀ဝိ/- နှုန်း ဖုန်း-၀၉-၂၅၅၇၉၉၉၉၈



**တက္ကဆီယာဉ်မောင်းအလိုရှိသည်**
၂၀၀၈ Succed (1.5/BB.5----) စပေါ် ၃၀၀၀၀ဝိ/-၊ (သုံးသိန်း)
နေ့မောင်း ၁၀၀၀ဝိ/-(တစ်သောင်း)၊ ကားယူ၊ လှိုင်(၉)ရပ်ကွက်
အင်းစိန်လမ်းမကြီး၊ ဆက်သွယ်ရန် ဖုန်း-၀၁-၅၃၈၇၉၉၊ ၀၉- ၃၁၂၃၀၁၅၂

# Congratulations! CHDB



ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြန်မာနိုင်ငံသူ၊ နိုင်ငံ သားတို့၏ လူနေမှုဘဝမြင့်မားလာစေရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင် ခဲ့သည့် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကြီးကို အမှတ်(၆၀)၊ ရွှေတိဂုံ ဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ၁၁-၁-၂၀၁၄ ရက် (စနေနေ့)၌ အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အနာဂတ်တွင် နိုင်ငံတကာဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုးတက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# အမြန်လမ်းတွင် ခရီးသည်တင်ယာဉ် မီးလောင်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၂၂/၀)နှင့်(၂၂/၁)ကြားတွင် ဇန်နဝါရီ ၁၀ ရက် နံနက် ၆ နာရီ မိနစ် ၄၀ ခန့်က ထားဝယ်မြို့မှရန်ကုန်မြို့သို့ ယာဉ်မောင်းအောင်မော် အသက်(၄၀)နှစ် မြောက်ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူ မောင်းနှင်သောယာဉ်အမှတ် ၉င/--- ဟွန်ဒိုင်းအမျိုးအစား အစိမ်းရောင်မှန်လုံအမြန်ယာဉ်၏ နောက်ဘက်အင်ဂျင်ခန်းမှ ဝါယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားသည်။ **(ယာပုံ)**



သတင်းရလျှင် ရချင်း ဘုရားကြီးမြို့ အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး မောင်မောင်စိုး၊ တပ်စုမှူး လှစိုးဦး ဦးစီး အဖွဲ့ဝင်ခြောက်ဦး၊ ရန်ကုန်-မန္တလေး အမြန်လမ်းမီးသတ်စခန်းမှ ဒုဦးစီးမှူးခင်ဇော်အောင်ဦးစီးသော တပ်ဖွဲ့ဝင်ငါးဦး၊ အမှတ်(၃)အမြန်လမ်းရဲစခန်းမှ ဒုရဲအုပ်ပြည့်လင်းအောင် ဦးစီးတပ်ဖွဲ့ဝင် ၁၂ ဦးတို့က ကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးအတွက် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ရာ စီးနင်းလိုက်ပါလာသော ခရီးသည် ၃၂ ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိဘဲ နံနက် ၈ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မော်တော်ယာဉ်တစ်စီးလုံးမှာ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။ **(သီဟရာဇာ)**

**မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း**

**၁၁-၁-၂၀၁၄ (စနေနေ့)**

| | |
|---|---|
| ၆း၀၀ | ပရိတ်တရားတော် |
| ၁း၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း “ မာနဝဋ်ကြွေး” (ခန့်စည်သူ၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ- မလိခစိုးထိုက်အောင်) |
| ၄း၄၅ | Business News |
| ၅း၀၀ | ပြည်တွင်းသတင်း |
| ၅း၁၅ | “တိုးတက်ခေတ်မီကဏ္ဍစုံလင်ဖို့ ပြည်သူ့ဝန်ဆောင်မှုမီဒီယာသစ်ဆီသို့” (မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး) |
| ၆း၂၀ | “ဇန်နဝါရီလမိုးလေဝသခန့်မှန်းချက်များနှင့်ကြိုတင်သတိပြုဖွယ်များ” |
| ၇း၄၅ | “အမှတ်(၃၆)အကြီးစားစက်ရုံ (ကျောက်ဆည်)” |

# နွားပို့သူဒဏ်ရာများဖြင့် သေဆုံးမှုကို မြို့နယ်တရားရုံးက လူသတ်မှုဖြင့် အရေးယူရန် ဆုံးဖြတ်

**မိတ္ထီလာ ဇန်နဝါရီ ၁၀**

မိတ္ထီလာမြို့နယ် ကျွန်းဖိုပင်အုပ်စု ကျွန်းဖိုပင်ကျေးရွာနေ မောင်ဇော်ထွန်း(၃၆)နှစ်သည် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၄ ရက် ညနေ ၅ နာရီက ဟံဇားရွာနေ ကိုနန်းတင် မိတ္ထီလာဈေးမှ ဝယ်ယူခဲ့သော ချိုထောင်နွားမ ဝါညိုရောင်အား နွားမောင်းပို့ခ ကျပ် ၅၀၀၀ ဖြင့် ဟံဇားရွာသို့ နွားမောင်းပို့ရန် ထွက်ခွာသွားခဲ့သည်ဆို၏။ နွားအငှားမောင်းသူထံတွင် စနေဒိုင်မှဝယ်ယူကြောင်းနှင့် နွားဝယ်အသိသက်သေ ဦးညွန့်အောင်အမည်ပါ စာရွက်ပါရှိသွားခဲ့သည်။ ထိုည ၁၀ နာရီတွင် စက်မှုဇုန်ရဲကင်းမှတစ်ဆင့် ကျွန်းဖိုပင်ကျေးရွာအုပ်ချုပ်ရေးမှူးထံ ဟံဇားလမ်းရှိ မြို့ကြီးကုန်းရွာအလွန် ဟံဇားအင်းထိပ်တွင် လူသေလောင်းတစ်လောင်း ရှာတွေ့ကြောင်း သေဆုံးသူတွင် ဦးညွန့်အောင် ကျွန်းဖိုပင်အမည်ပါ စနေဒိုင်စာရွက်ပါရှိကြောင်း သတင်းပေးပို့ခဲ့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူးက ရွာထဲတွင်စုံစမ်းရာ နွားမောင်းပို့သူမှာ ကျွန်းဖိုပင်ရွာသား မောင်ဇော်ထွန်းဖြစ်ကြောင်း သိရသဖြင့် ကျွန်းဖိုပင်အုပ်ချုပ်ရေးမှူးအပါအဝင် သေသူ၏ ဆွေမျိုးသားချင်း ၃၀ ခန့်တို့သည် ဆိုင်ကယ်များဖြင့် လူသေတွေ့ရှိရာနေရာသို့ လိုက်လာခဲ့ကြသည်။ သပြေဝရွာတောင်ဘက်ဘုရားအနီးအရောက်တွင် လှည်းတစ်စီးပေါ်တွင် လှည်းမောင်းသူ၊ တောထဲတွင် ဖားရှာသူတစ်ဦး၊ လုံခြုံရေးတစ်ဦးနှင့် သေဆုံးသူ ဇော်ထွန်း၏ အလောင်းကို တွေ့ရှိရသည်ဆို၏။ ကျေးရွာအုပ်ချုပ်ရေးမှူးက အလောင်းကို ကာယကံရှင်များလာအောင် စောင့်သင့်ကြောင်း၊ လူသေအလောင်းတွေ့ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ပါဝင်ခြင်းရှိ မရှိမေးမြန်းရာ မချေမငံပြန်ပြောပြီး မောင်ဇော်ထွန်းမှာ အသက်မသေသေး၍ လှည်းပေါ်တင်ပြီး ဆေးရုံသို့ပို့ရန် သယ်ယူလာကြောင်း ပြောသည်။ သပြေဝကားဂိတ်မှ သေဆုံးသူအား သာစည်ဆေးရုံသို့ တင်ပို့ခဲ့သည်။ ဟံဇားရဲစခန်းက ဇော်ထွန်းသေဆုံးမှုအား သေမှုသေခင်းဖြင့် ရေးဖွင့်ထားသည်ဆို၏။

ဆေးရုံရောက်စဉ် သေဆုံးသူတွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာ၊ ရင်ဘတ်ပေါ်တွင် ညိုမဲဒဏ်ရာများနှင့် မျက်နှာတွင် ပွန်းပဲ့ဒဏ်ရာများ တွေ့ရသည်ဆို၏။ ဇော်ထွန်းအလောင်းအား ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်က ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်ဆို၏။

ဇော်ထွန်း၏အလောင်း သင်္ဂြိုဟ်ပြီးနောက် ကျွန်းဖိုပင်ရွာတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်က မျက်စိမွဲသူ အသက်(၇၀)ကျော်ရှိ ဒေါ်တင်လှိုင်အား ပြောရာ ၎င်းအား နွားသယ်ခ ငွေတောင်းရာ မပေးနိုင်သဖြင့် ဝိုင်းဝန်းထိုးကြိတ်ကြောင်း၊ တစ်ဦးက နောက်မှ ဦးခေါင်းအား ရိုက်လိုက်ရာ မေ့သွားကြောင်း၊“သည်လောက်ခေါင်းမာတဲ့ကောင်”ဟုဆိုပြီး ရင်ဘတ်ပေါ် ဖိနပ်နှင့် တက်နင်းကြောင်း ပြောသည်ဆို၏။ ထိုကဲ့သို့ပြောရာ ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် ရွာသူရွာသားများ မျက်မြင်ကိုယ်တွေ့ကြားရပြီး ဖုန်းဖြင့်အသံဖမ်းယူကာ စီဒီခွေဖြင့် အသံပြန်ကူးထားသည်ဆို၏။ ဤကဲ့သို့ ဒဏ်ရာများဖြင့် တွေ့ရသောအလောင်းအား သေမှုသေခင်းဖွင့်၍ အရေးယူထားသည်ကို မကျေနပ်၍ သေသူ၏ဇနီး ဒေါ်ရွှေနုက ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်က တိုင်ကြားစာများ ပေးပို့ခဲ့သည်။

ဟံဇားရဲစခန်းက ဇော်ထွန်းသေဆုံးမှုကို သေမှုသေခင်း(၁/၂၀၁၃)ဖြင့် အမှုဖွင့်ပြီး သာစည်မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ရာ မြို့နယ်တရားရုံးက ရာဇသတ်ပုဒ်မ(၇၁/၂၀၁၃)ဖြင့် ဒုမြို့နယ်တရားရုံးက စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၈ ရက်က အမှုနှင့်ပတ်သက်၍ သက်သေများ၏ အစစ်ခံချက်အပေါ် သေဆုံးသူ ဇော်ထွန်းသည် ဓမ္မတာအတိုင်း သေခြင်းမဟုတ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တစ်စုံတစ်ယောက်၏ ပယောဂကြောင့် ဒဏ်ရာရသေဆုံးခဲ့ခြင်းဖြစ်သည့်အတွက် သေမှုသေခင်းကို ဟံဇားရဲစခန်းက (ပ)၄/၂၀၁၄၊ ပုဒ်မ-၃၀၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၁၁၁)**

# မော်လမြိုင်-ကျိုက်မရောကားလမ်း၌ သစ်များသိမ်းဆည်းရမိ

**မော်လမြိုင် ဇန်နဝါရီ ၁၀**

မွန်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်၊ မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းလင်းနိုင်၊ တောအုပ်ကြီး ဦးစိုးဝင်းပါဝင်သော မော်လမြိုင်မြို့နယ် ဝန်ထမ်း ၁၀ ဦးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောအမှုရှာဖွေဖမ်းဆီးခြင်းလုပ်ငန်း စီမံချက်နှင့်အညီ အကောင်အထည်ဖော် အရေးယူဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၉ ရက် နံနက် ၄ နာရီက မွန်ပြည်နယ် မော်လမြိုင်-ကျိုက်မရောမြို့နယ်သွားကားလမ်းမပေါ်တွင် ယာဉ်မောင်းဦးမြင့်ဇော်၊ သစ်ပိုင်ရှင် ဦးသက်ဇော်မျိုးတို့ မောင်းနှင်လာသည့် ထော်လာဂျီယာဉ်အမှတ် ၅/---အား ရပ်တန့်စစ်ဆေးရာ တရားမဝင်အုပ်စု(၂) သစ်ခွဲသား ၂၆၂ ချောင်း (၃ ဒသမ ၉၀၇၀ တန်) သိမ်းဆည်းရမိ၍ ယာဉ်မောင်းနှင့်သစ်ပိုင်ရှင်တို့နှစ်ဦးအား သစ်တောဥပဒေ ပုဒ်မ ၄၂(ခ) အရ မော်လမြိုင်မြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့ထားရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(၁၀၇)**













# မွေးနေ့ဆုတောင်း

၁၁-၁-၂၀၁၄ ရက်တွင် ကျရောက်သော သမီးလေး မငြိမ်းဆုသွယ်(ခ)ဖွေးဖွေး (Grade VIII D, T.T.C)၏ (၁၃)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် အသက်ရာကျော်ရှည်၍ ထူးချွန်ထက်မြက်သော သမီးကောင်းရတနာအဖြစ် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

နှစ်ဖက်သောဘိုးဘိုး၊ ဘွားဘွားများနှင့်

| | |
|---|---|
| ဖေဖေ | - ဦးအောင်မြတ်စိုး (M.D) |
| မေမေ | - ဒေါ်ဝင့်ဝင့်နွယ် (Director) |
| မောင်လေး | - မောင်မြတ်ဗိုလ်ဦး(ခ)ဖိုးလပြည့် PK 4 (I.S.M) |

ဖွေးဖွေးနှင့်မိသားစုဆောက်လုပ်ရေးကုမ္ပဏီမှဝန်ထမ်းများ






# ကွမ်းစားသူများတွင် ကင်ဆာဖြစ်နိုင်ချေရှိသော ခံတွင်းအနာတွေ့ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၀**

ကွမ်းစားခြင်းအလေ့အထနှင့်ပတ်သက်၍ လေ့လာသုတေသနပြုရာတွင် ကွမ်းစားသူများ၌ ကင်ဆာဖြစ်နိုင်ချေရှိသော ခံတွင်းအနာကို တွေ့ရှိလာရခြင်းဖြစ်ကြောင်း (၄၂)ကြိမ်မြောက်ပြုလုပ်သည့် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွင် ဖတ်ကြားသည့် စာတမ်းတစ်စောင်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ အသက် ၁၈ နှစ်နှင့်အထက် နေထိုင်သူ ၅၄၂ ဦးကို ကွမ်းစားခြင်း အလေ့အထနှင့်ပတ်သက်၍ သုတေသနပြုလေ့လာခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။ ထိုသုတေသနတွင် ပါဝင်သူများမှာ ပျမ်းမျှ အသက် ၄၅ နှစ်ဖြစ်ကြပြီး ၅၉ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြကြောင်း၊ သုတေသနတွင် ပါဝင်သူ ၅၂ ရာခိုင်နှုန်းသည် ကွမ်းစားလေ့ရှိကြပြီး ကွမ်းစားသူ ၂၈၄ ဦး၊ ကွမ်းမစားသူ ၂၅၈ ဦးရှိကြောင်း စာတမ်းရှင်၏အဆိုရ သိရသည်။

ကွမ်းစားသူ ၂၈၄ ဦးတွင် ၈ ဒသမ ၅ ရာခိုင်နှုန်းသည် ကင်ဆာဖြစ်လာနိုင်ချေရှိသည့် ခံတွင်းအနာကို တွေ့ရှိရခြင်းဖြစ်ပြီး ကွမ်းမစားသူများတွင် ၀ ဒသမ ၄ ရာခိုင်နှုန်းသည် ကင်ဆာဖြစ်လာနိုင်ခြေရှိသည့် ခံတွင်းအနာကို တွေ့ရှိရကြောင်း၊ ယခုတွေ့ရှိချက်များအရ ကွမ်းစားခြင်း၊ ကွမ်းထဲတွင် ဆေးရွက်ကြီးနှင့် ဆေးရွက်ကြီးအမျိုးအစားတစ်ခုခုကို ထည့်သွင်းစားသုံးခြင်းသည် ပြည်သူ့ကျန်းမာရေးပြဿနာဖြစ်သည်ဟု ညွှန်ပြနေကြောင်း စာတမ်းရှင်က အကြံပြုထားသည်။

အဆိုပါ သုတေသနပြုလေ့လာခြင်းကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၊ ကျန်းမာရေးဝန်ကြီးဌာန နိုင်ငံခြားဆက်သွယ်ရေးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့မှ သုတေသီများက ပူးပေါင်းလုပ်ဆောင်ကြခြင်းဖြစ်ပြီး လေ့ကျင့်ထားသော မေးခွန်းများ မေးမြန်း၍ သုတေသနအချက်အလက်များကောက်ယူခြင်း၊ သွားနှင့် ခံတွင်းစမ်းသပ်ခြင်းတို့ကို သွားဆရာဝန်များက ပြုလုပ်ခြင်း၊ သံသယဖြစ်ဖွယ် ပါးစပ်အနာတွေ့ရှိသူများကို Toluidine Blue Test နှင့် Brush Biospy ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်း-ထက်ခိုင်(စမ်းချောင်း)**
**ဓာတ်ပုံ- မင်းသုတ**

# ကျောင်းသူကင်းထောက်သင်တန်းဆင်း

**မြောင်းမြ ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ငွေရတုခန်းမ၌ ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီက ကျောင်းသူကင်းထောက် သင်တန်းဆင်းပွဲ ပြုလုပ်သည်။

အခမ်းအနားတွင် ကင်းထောက်ကျောင်းသူများမှ “ကင်းထောက်များ၏ ရှေ့သို့ခြေလှမ်း”သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းမှ သင်တန်းဆင်းအမှာစကားပြောကြားသည်။ ကျောင်းအုပ်ဆရာကြီး ဦးမန်းသိန်းကျော်မှ သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပက်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းသူကင်းထောက်များက ကတိသစ္စာရွတ်ဆိုခြင်း၊ ကင်းထောက်၏အဓိပ္ပာယ်၊ ကင်းထောက်မယ်တစ်ဦး၏ စိတ်သဘောထား၊ ကင်းထောက်လုပ်ငန်းများကို ကင်းထောက်ကျောင်းသူများမှ ရှင်းလင်းခြင်း၊ ကင်းထောက်၏ကျင့်ဝတ်(၁၀)ချက်ကို ကင်းထောက်ကျောင်းသူများမှ ရွတ်ဆိုခြင်းများပြုလုပ်ကာ ကင်းထောက်အဖွဲ့ငယ် တစ်ဖွဲ့ချင်းအလိုက် သရုပ်ပြတင်ဆက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ကျောင်းသူကင်းထောက် သင်တန်းသူ ၅၀ အား ဒီဇင်ဘာ ၂၄ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းသွင်**

# နှမ်းရာသီ စက်မှုနည်းပညာများနှင့် အလုဆင်နေသော မြောက်လူးကန်ရွာ

**ပခုက္ကူ ဇန်နဝါရီ ၁၀**

ပခုက္ကူမြို့နှင့် (၆)မိုင်ခန့်ဝေးသော မြောက်လူးကန်ရွာကလေးတွင် နှမ်းကြီးများလှိုင်လှိုင်ရိတ်သိမ်း၍ စက်မှုနည်းပညာများနှင့် ရိတ်သိမ်းခြွေနေကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။ မြောက်လူးကန်ရွာကလေးသည် အိမ်ခြေ ၄၀၀ ခန့်ရှိပြီး ပခုက္ကူလေယာဉ်ကွင်းသစ်ကြီးအနီး တည်ရှိသည်။ သက်ယဉ်နှမ်းတုန်းက ပိုးကျလို့ မကောင်းခဲ့ဘူး၊ အခု စမုံနှမ်းနှင့် ခွနက်နှမ်းကတော့ မဆိုးဘူး၊ ကျွန်တော်တို့ရွာအနေနဲ့ နှမ်းတင်းပေါင်း တစ်ထောင်ကျော် ထွက်ရှိပါတယ်ဟု မြောက်လူးကန်နှမ်းတောင်သူတစ်ဦးက ပြောသည်။ စမုံနှမ်းပေါ်စ တစ်တင်း ငွေကျပ် ၅၆၀၀၀ ဈေးမှ ဇန်နဝါရီလဆန်းတွင် ငွေကျပ် ၅၀၀၀၀ ဈေး၊ ခွနက် နှမ်းဈေး ငွေကျပ် ၅၂၀၀၀ မှ ငွေကျပ် ၄၃၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

မြောက်လူးကန်ရွာတွင် နှမ်းစိုက်သူဦးရေ ၁၀၀ ခန့်ရှိပြီး နှမ်းရိုးစင်းစက် ၂၀ ခန့်နှင့် နှမ်းသီးနှမ်းများ ထုတ်လုပ်လျက်ရှိသည်။ နှမ်းရိုးစင်းစက်တစ်စက် ၁၀ သိန်းခန့်ဝန်းကျင်ရှိကာ စက်တစ်စက်တွင် လူ လေးဦးလုပ်အားနှင့် လုပ်ဆောင်ကြသည်။ နှမ်းစင်းစက်ခ နှုန်းထားမှာ တစ်နေ့ကျပ် နှစ်သောင်းဖြစ်သည်။ အမျိုးသမီးလုပ်အားခ ၁၅၀၀၊ အမျိုးသားလုပ်အားခ ၃၀၀၀နှုန်းရှိသည်။ နှမ်းရိုးစင်းဖက်များ ရောင်းဝယ်ရာတွင် ခြင်းကြားတောင်း တစ်တောင်း ကျပ် ၂၀၀နှုန်းရှိကာ လှည်းတစ်စင်း ခြင်းကြားတောင်း ၁၀ ခြင်း အထိ တိုက်ရပြီး တစ်ဇေ နှမ်းရိုးစင်း လှည်းသုံးစင်း တိုက်ရကြောင်း သိရသည်။

**နေဦးမောင်(ပခုက္ကူ)**



## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)
## “ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၏သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း”

၁။ ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် B.C.Sc (Hons:) ဘွဲ့သင်တန်းနှင့် B.C.Sc/B.C.Tech ဘွဲ့သင်တန်းစာမေးပွဲ အောင်မြင်သူများအတွက် ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)၏ သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ၁၅-၂-၂၀၁၄ (စနေနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် ၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် (၃)လအတွင်း ရိုက်ကူးထားသော (တစ်လက်မခွဲ× နှစ်လက်မ) အရွယ်ရောင်စုံ ဓာတ်ပုံ (၅)ပုံပူးတွဲ၍ ဘွဲ့နှင်းသဘင် တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ယူရန်ဟု ထင်ရှားစွာ ဖော်ပြလျက် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့အရောက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀ိ/-(တစ်ထောင်ကျပ်တိတိ)ကို ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၏ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များမှ ပထမဘွဲ့ယူပြီး၍ ယခုနှစ်အတွက် ဘွဲ့လွန် ဘွဲ့ယူရန် လျှောက်ထားသူများသည် မူလဘွဲ့လက်မှတ်မိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၅။ ယခင်နှစ်များမှ ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၆။ တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို တစ်နှစ်ကြာမှသာ ထုတ်ပေးမည်ဖြစ်သည်။

၇။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)၊ ငွေစာရင်းဌာနသို့ ပေးပို့နိုင်ပါသည်။ ပေးပို့လွှာအောက်ခြေတွင် “ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း”ဟု ဖော်ပြပြီး ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်ခဲ့သော ခုနှစ်နှင့် လ၊ နေရပ်လိပ်စာ အပြည့်အစုံကို တိကျစွာ ဖော်ပြရမည်။ (ပြည်စုံစွာ ဖော်ပြထားခြင်း မရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို ကွန်ပျူတာ တက္ကသိုလ် (မြစ်ကြီးနား) ရှိ ကျောင်းသားရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

(ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ၀၇၄-၂၂၄၉၂၊ ၀၉- ၂၅၉၀၇၇၄၄၈)















## အမြန်ရောင်းမည်

စစ်တွေမြို့၊ ပွိုင့်ကမ်းခြေပေါ် (၄)ကေနီးပါးရှိ မြေပေါ်တွင် ဘန်ဂလို (၄)လုံး (အခန်း-၁၀ ခန်းပါ)၊ အပါအဝင် ရုံးအဆောက်အအုံ အလုပ်သမားအဆောင်၊ ရေမီးအပြည့်အစုံနှင့် သီးပင်စားပင် ၅၀၀ ကျော် ပါဝင်သည်။ ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် အထူးသင့်လျော်ပါသည်။ (ညှိနှိုင်းဈေး)

**ဦးကျော်သိန်း (နှလုံးလှ)**
**ဖုန်း-၀၉ ၅၆၈၀၆၂၇၊ ၀၄၃-၂၁၄၁၉**

# နာနိုအော်ဂဲနစ်ဆေးသုံးကြ၍ ဆောင်းသီးနှံများဖြစ်ထွန်း



**ကြို့ပင်ကောက် ဇန်နဝါရီ ၁၀**

တောင်သူလယ်သမားများ၏ လယ်မြေအများစုမှာ ဓာတုဓာတ်မြေသြဇာများကို နှစ်ပေါင်းများစွာ အသုံးပြုလာခဲ့မှုကြောင့် လယ်မြေ၊ ကိုင်းမြေများတွင် ဓာတုဆိုးကျိုးများ ပင်လယ်ဝေအောင် ခံစားနေကြရချိန်၌ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းမြို့နယ်များသို့ ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ခဲ့သည့် (နာနိုအော်ဂဲနစ်) မြေသြဇာတစ်မျိုးရောက်ရှိလာခဲ့ပြီး လယ်သမားအများစုတို့ စမ်းသပ်အသုံးပြုခဲ့ကြရာ ယခု ရာသီအမီ မတ်ပဲ၊ ပဲတီစိမ်းနှင့် ဆောင်းသီးနှံများမှာ သိသာစွာ ထူးခြားလာ၍ ၎င်းဆေးကို ရှာဖွေအသုံးပြုသူ များနေကြကြောင်း တွေ့ရှိရသည်။

၎င်းဆေးမှာ ယူနီဗာဆယ်ကင်းဟု ခေါ်ဆိုပြီး အစိမ်းရောင်ဆေးတောင့်များဖြစ်သည်။ ဂျပန်နည်းပညာသဘာဝနာနိုအော်ဂဲနစ်မြေသြဇာအမျိုးအစားဖြစ်၍ ပျက်စီးခဲ့သည့် မြေသားကို အထွက်တိုးရန် ပြုပြင်ပေးခြင်းနှင့် အသုံးပြုပြီး ဓာတုမြေသြဇာအဆိပ်အတောက်များ၊ မှိုများ၊ ပိုးမွှားများကို ဖယ်ရှားပေးသည်ဟု သိရသည်။

ဓာတုဆေးများ ကုန်ကျမှု ၁၀ သိန်းလျှင် ယခုဆေးဖိုးမှာ ကျပ်ငွေ တစ်သိန်းခန့်ပင် ကုန်ကျသည်ဟု သိရသည်။ နာနိုအော်ဂဲနစ်ဆေးသည် စပါးနှင့် ပဲအမျိုးမျိုးအပြင် ငရုတ်၊ မှို၊ ပြောင်း၊ ငှက်ပျော၊ ကွမ်း၊ ဟင်းသီးဟင်းရွက်အမျိုးမျိုးနှင့် ပန်းအမျိုးမျိုး စိုက်ခင်းများတွင် အသုံးပြုနိုင်သည်။ ယနေ့ထိ အသုံးပြုခဲ့သူများအနေဖြင့် အထူးပင် စိတ်တိုင်းကျဖြစ်နေကြကြောင်း သိရသည်။

အခြား ထူးခြားချက်တစ်ခုမှာ ဘုရားပန်းတင်ရန် ပန်းများကို ယင်းဆေးမှုန့်စိမ်ထားသော ဆေးရည်နှင့် ပန်းအိုးထဲ၌ စိမ်ထားပါက ပန်းများ ညှိုးကျသွားခြင်းမရှိဘဲ တစ်လအထိ ခံနိုင်ရည်ရှိကြောင်း သုံးဖူးသူများက ပြန်လည်ပြောပြကြသည်။

**ခင်မောင်သိန်း(ဇီးကုန်း)**

# မန္တလေးတိုင်းဒေသကြီး တရားသူကြီးချုပ် မြင်းခြံခရိုင်၌ လှည့်လည်ကြည့်ရှုစစ်ဆေး

**မြင်းခြံ ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းသည် မန္တလေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးမျိုးတင့် လိုက်ပါလျက် မြင်းခြံခရိုင်အတွင်းရှိ နွားထိုးကြီးမြို့နယ် တရားရုံး၊ မြင်းခြံခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံး၊ တောင်သာမြို့နယ်တရားရုံး၊ ကျောက်ပန်းတောင်းမြို့နယ်တရားရုံးများသို့ သွားရောက်၍ ခရိုင်တရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီး၊ မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ်တရားသူကြီးများနှင့် ရုံးဝန်ထမ်းများအား တရားစီရင်ရေး၊ စီမံခန့်ခွဲရေး၊ ရုံးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်သူအများယုံကြည်ကိုးစားသော တရားစီရင်ရေးဖြစ်အောင်ဆောင်ရွက်ရန် အမှုများ စီရင်ဆုံးဖြတ်ရာတွင် လာဘ်ပေးလာဘ်ယူကင်းရှင်းရန်၊ အဂတိတရားကင်းရှင်းရန် အမှုလက်ကျန်ကျဆင်းရန် အချုပ်တရားခံအမှုများ မှန်မှန်နှင့် မြန်မြန်ပြီးပြတ်စေရန် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီရင်ဆုံးဖြတ်ကြရန် ပြည်သူကိုအကျိုးပြုသော တရားစီရင်ရေးဖြစ်အောင် ဆောင်ရွက်ကြရန် ဇန်နဝါရီ ၅ ရက်၌ တွေ့ဆုံပြောကြားခဲ့သည်။

ထို့နောက် မြင်းခြံခရိုင်တရားရုံး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာနှင့် ကျောက်ပန်းတောင်းမြို့နယ်တရားရုံး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(၄၃၄)

# ယာဉ်နှင့်လူတိုက်မိသောဖြစ်စဉ် ၅၀ကျော်အနက် လမ်းကူးသူတိုက်ခံရသောဖြစ်ရပ် အများဆုံးဖြစ်

**ရန်ကုန် ဇန်နဝါရီ ၁၀**

*၂၀၁၃ ခုနှစ်အတွင်း ဖြစ်ပွားသော ခရီးသည်တင်ယာဉ်မတော်တဆဖြစ်စဉ်များတွင် ယာဉ်နှင့်လူတိုက်မိသောဖြစ်စဉ်မှာ ၅၃ မှုဖြစ်ပြီး ယင်းအနက် လမ်းကူးသူတိုက်မိသော ဖြစ်စဉ်မှာ ၄၀ မှုဖြစ်ပွား၍အများဆုံးဖြစ်နေသည့် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း မထသ(ဗဟို)၏မီဒီယာတွေ့ဆုံပွဲမှ သတင်းရရှိသည်။*

*"လမ်းကူးသူကို တိုက်မိတဲ့ဖြစ်စဉ်တွေကိုကြည့်ရင် တိုက်တဲ့ယာဉ်ရဲ့ အပြစ်ကြောင့်လည်း ဖြစ်ပွားတာရှိသလို လူတွေရဲ့မဆင်မခြင် လမ်းကူးမှုကြောင့်လည်း ဖြစ်ပွားတတ်ပါတယ်"ဟု မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။*

*၂၀၁၂ ခုနှစ်တစ်နှစ်လုံးတွင် ခရီးသည်တင်ယာဉ်များနှင့် ပတ်သက်၍ မတော်တဆဖြစ်ပွားမှုမှာ ၂၇၆ မှုရှိပြီး ၁၁၁ ဦးသေဆုံး၍ ၇၈၆ ဦးဒဏ်ရာရရှိသည်ကို တွေ့ရှိရသော်လည်း ၂၀၁၃ ခုနှစ်စာရင်းနှင့် နှိုင်းယှဉ်ကြည့်ပါက ယာဉ်မတော်တဆမှုဖြစ်စဉ် ၁၄ မှု၊ သေဆုံးမှု ၂၀ လျော့ကျသွားသော်လည်း ဒဏ်ရာရသူ၁၄ ဦးတိုးလာကြောင်းသိရသည်။*

**(၆၈၀)**

# အားကစားပြိုင်ပွဲများ ကျင်းပ

**နောင်ချို ဇန်နဝါရီ ၁၀**

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နောင်ချိုမြို့ မြစိမ်းသာပန်းခြံ၌ လည်းကောင်း၊ သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို မြို့နယ်ခန်းမ၌ လည်းကောင်း ဇန်နဝါရီ ၄ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲများ၌ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့သည်။

**(နောင်ချို ပြန်/ဆက်)**

# စစ်ကိုင်း အထက-၁ ပညာရေးစုံညီပွဲတော် ကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၁၀**

စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ စုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ အသင်္ခယာခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ စစ်ကိုင်းခရိုင်ပညာရေးမှူးဦးမင်းဦးနှင့် တာဝန်ရှိသူများက ကျောင်းဘောလုံးကွင်း၌ ဘင်ခရာပန်းပွားသရုပ်ပြစွမ်းရည်အဖွဲ့များကို ကြည့်ရှုအားပေးပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်ကို ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် မိဘဆရာအသင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက်တာဝန်ရှိသူအသီးသီးက အမှာစကားပြောကြားပြီး ကင်းထောက်မောင်မယ်လေးများက ပြည်သူ့အတွက် အဆင်သင့်သီချင်းဖြင့် လည်းကောင်း၊ ဆဋ္ဌမတန်းကျောင်းသား၊ ကျောင်းသူလေးများက ယောင်ပေစူးအကဖြင့်လည်းကောင်း၊ သက်ဆိုင်ရာအတန်းအသီးသီးမှ သီဆိုဋ္ဌေ့ခံဖျော်ဖြေပေးကြသည်။

ဆက်လက်၍ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ကျောင်းတက်မှန်သည့် ဆရာ၊ ဆရာမများနှင့် ကျောင်းတွင်း ကဏ္ဍအလိုက် ထူးချွန်သောကျောင်းသား၊ ကျောင်းသူများကို ဆုများအသီးသီးချီးမြှင့်ပြီး နဝမတန်း ကျောင်းသား၊ ကျောင်းသူလေးများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေကြကြောင်း သိရသည်။**(မျိုးဝင်း)**
















## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အမှတ်(၅၄၉/အေ)၊ ရွှေနှင်းဆီလမ်းသွယ် (၇)၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄ (သမိုင်း)၊ မြေကွက်အမှတ်-၁၂/စ၊ ၁၂/ဇ၊ ၁၂/ခ၊ ဧရိယာ (၀. ၂၀၄) ဧကရှိ အိမ်ရာမြေကွက်မှ တရားဝင် မခွဲမစိတ်ရသေးသော ယင်းအိမ်ရာမြေကွက်၏ အရပ် မျက်နှာအခေါ်အရ တောင်ဘက်ခြမ်း၊ အကျယ်အဝန်း ပေ(၈၅×၄၇) ရှိ အိမ်ရာမြေကွက်နှင့် အကျိုးခံစားခွင့်များအားလုံးတို့ကို ဖော်ပြပါ အိမ်ရာမြေကွက်ကြီး တစ်ခုလုံးအား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးနေဝင်း [၁၂/ကတတ(နိုင်)၀၁၅၃၆၄] ထံမှ (၁-၉-၁၉၉၃) ရက်စွဲပါ "မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်"ဖြင့် ငွေအပြေအကျေ ပေးချေဝယ်ယူပြီး လက်ရောက်ရယူပိုင်ဆိုင်နေထိုင်လာခဲ့ပါသည်။

ဖော်ပြပါ အိမ်ရာမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေမှတစ်ပါး ပိုင်ရေးဆိုင်ခွင့်ရှိသူ တစ်ဦး တစ်ယောက်မျှမရှိပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းသာလျှင် တရားဝင် နေထိုင်ပိုင်ဆိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းအေး (B.Ag.,H.G.P)၊ အထက်တန်းရှေ့နေ (စဉ်-၁၂၅၉၅)**
**အမှတ်-၅၀၊ အခန်း (A/5)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ပတ္တမြား(မြောက်)၊ မြေကွက်အမှတ် ၃၀၊ မြေကွက်တည်နေရာ အမှတ်(၃၀)၊ မြအေးချမ်းလမ်း၊ ပတ္တမြားမြို့သစ်၊ [ဦးစိုးညွန့် ၁၂/မဂဒ(နိုင်)၀၆၄၂၉၀] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ကိုယ်တိုင်မှ မြေချပါမစ် ပျောက်ဆုံးကြောင်း ရဲစခန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ နှစ် ၆၀ မြေငှား စာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းရေးရာ

# ပြည်သူများ လတ်ဆတ်စွာ စားသုံးရသည့် စစ်ကိုင်းမြို့ရဲ့ နံနက်ခင်း အရုဏ်ဦးဈေး

**စစ်ကိုင်း ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မြို့မဈေးကြီးမြောက်ဘက်အနီးတွင် နေ့စဉ်နံနက် ၃ နာရီခွဲမှ ၆ နာရီအထိ ရောင်းချနေသော အရုဏ်ဦးဈေးလေးမှာ ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။ ဈေးရောင်းချသူများမှာ စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ မိမိတို့ဒေသထွက် ဟင်းသီး၊ ဟင်းရွက်မျိုးစုံ၊ အသီးအနှံမျိုးစုံနှင့် ပဲမျိုးစုံများ ရောင်းချပေးလျက်ရှိကြသည်။

"ကျွန်မတို့က ကျေးရွာကနေပြီး ညဦးပိုင်းကတည်းက ဆွတ်ယူထားပြီး သေချာထုပ်ပိုးကာ စစ်ကိုင်းဈေးကို ညအိပ်လာရောင်းချတာပါ၊ စားသုံးသူတွေကိုလည်း လတ်လတ်ဆတ်ဆတ် စားသုံးစေချင်တာရယ် မိမိတို့ မိသားစုရဲ့ ဝမ်းစာရေးအတွက်ရယ်ပေါ့၊ အိပ်ရေးတော့ပျက်ပေမယ့် နံနက်ခင်းဈေးလေးမှာ ရောင်းချရတဲ့အတွက် မိသားစု စားဝတ်နေရေး အတော်အသင့် အဆင်ပြေပါတယ်"လို့ ရေတွင်းကောင်းကျေးရွာမှ ဈေးရောင်းသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

"ဒီနံနက်ခင်းဈေးလေးမှာ လမ်းလျှောက်ပြီး ဈေးလာဝယ်ရတာ ကျန်းမာရေးလည်းကောင်း၊ ဈေးဝယ်ရတာလည်း အဆင်ပြေပြီး ဈေးနှုန်းသင့်တင့်စွာနဲ့ လတ်လတ်ဆတ်ဆတ်စားသုံးရပါတယ်၊ ဒါ့ကြောင့် နံနက်ခင်းဈေးမှာ လာရောက်ရောင်းချပေးကြတဲ့ ကျေးလက်ဒေသက ဈေးသည်တွေကိုလည်း ကျေးဇူးတင်ရမှာပါ။ ကျွန်မတို့ မြို့ပေါ်နေပြည်သူတွေက သူတို့တွေရောင်းချပေးတဲ့ စားသုံးကုန်တွေကို ဝယ်ယူရပါတယ်"လို့ ဈေးဝယ်သူတစ်ဦးက ပြောပြသည်။



စစ်ကိုင်းမြို့ရဲ့ နံနက်ခင်းဈေးသို့ လာရောက်ရောင်းချသူများ ကုန်ပစ္စည်းတင်ပို့သည့် ထော်လာဂျီများ၊ သုံးဘီးဆိုင်ကယ်များနှင့် ဈေးဝယ်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

## ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ၁၀မိုင်ကုန်း အမက(၇) ကျောင်းလမ်း၌ ၂၀၁၄ ခုနှစ် (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက်က ကျင်းပသည်။

ယင်းလမ်းမှာ အကျယ်ပေ ၂၀ ရှိပြီး အရှည်ပေ ၆၀၀ ရှိကြောင်းနှင့် ကုန်ကျငွေ ၁၇၅ သိန်းရှိပြီး အလှူရှင် ဦးခင်မောင်လွင်မိသားစုမှ ၁၃၅သိန်းမတည် လှူဒါန်းပြီး ရပ်ကွက်စေတနာရှင်များမှ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းခြင်းသင်တန်း မော်လမြိုင်ကျွန်းတွင် ဖွင့်လှစ်

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် ပထမဦးဆုံးအကြိမ် စတင်ဖွင့်လှစ်သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်းရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်လုပ်ကိုင်နိုင်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း ဘက်စုံသုံးသင်တန်းခန်းမဖွင့်ပွဲနှင့် လယ်ယာသုံး စက်ကိရိယာမောင်းနှင်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီခွဲက မော်လမြိုင်ကျွန်းမြို့ သောင်တိုးမြေရှိ ဘက်စုံသုံးသင်တန်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် အစီအစဉ်ဒါရိုက်တာ ဒေါ်မူမူကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းသင်တန်းတွင် သင်တန်းသားသင်တန်းသူများအား ဒီဇယ်ဓာတ်ဆီအင်ဂျင်ပြုပြင်ထိန်းသိမ်းမောင်းနှင်ခြင်း၊ လက်တွန်းထွန်စက်၊ ထွန်စက်ကြီးနှင့် စပါးရိတ်သိမ်းစက်များ ပြုပြင်ထိန်းသိမ်းမောင်းနှင်ခြင်းများကို စာတွေ့လက်တွေ့နည်းပညာပေး အခမဲ့သင်ကြားပို့ချပေးမည့်အပြင် စက်ပြင်ကိရိယာများကိုလည်း သဒ္ဒါပေါင်းစုစီမံကိန်းမှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါလယ်ယာသုံးစက်ကိရိယာမောင်းနှင်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းသို့ ကျေးရွာ ၉ ရွာမှ သင်တန်းသူသင်တန်းသား ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၀ ရက်ကြာမြင့်မည်ဟု သိရသည်။

**(၃၆၄)**

## လမင်းနှင့်ကြယ်စင်များ လင်းလက်ခဲ့သောည

*ဒီဇင်ဘာ ၂၃ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမရင်ပြင်၌ ကျင်းပပြုလုပ်သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်မြင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့သည့် အဖွဲ့များအား တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတကြီးမှ ဂုဏ်ပြုနှုတ်ဆက်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် တေးဂီတဖြင့် ဧည့်ခံဖျော်ဖြေပေးပါသည်။ ပြည်သူချစ်သောတေးသံရှင် တက္ကသိုလ်လွဲလွဲ၊ မေဆွိ၊ ယုဇန၊ ဒီယံ၊ ဝေလျှံနှင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့များက သီဆိုဖျော်ဖြေပေးကြ၏။*

*ထိုညစာစားပွဲတွင် အားကစားသမားများ ကျောင်းသားလူငယ်များနှင့် Volunteer များ ပျော်ရွှင်စွာတက်ရောက်ဆင်နွှဲခဲ့ကြသည်။ နိုင်ငံတော်သမ္မတကြီးသည် ကြိုဆိုသူလူငယ်လေးများကို ရင်းနှီးချစ်ခင်စွာ ဂုဏ်ပြုနှုတ်ဆက်ခဲ့၏။ ကောင်းကင်၌ "လတစ်စင်း"ကို ကြယ်စင်များ ဝန်းရံခနေကြသလို နေပြည်တော်မြို့တော်ခန်းမရှေ့၌လည်း သမ္မတကြီးအား မျိုးဆက်သစ်လူငယ်များက ဝန်းရံခကာ လင်းလက်တောက်ပသောအပြုံးဖြင့် ဂုဏ်ပြုနှုတ်ဆက်နေကြပုံမှာ အလွန်ကြည့်ကောင်းလှပါသည်။ အနာဂတ်၏ခေါင်းဆောင်လူငယ်များအား နိုင်ငံအကြီးအကဲများက အလေးထားချစ်ခင်သည်ကို စာရေးသူကဲ့သို့ပင် Volunteer အများစုကလည်း ကြည့်၍ ကြည်နူးဝမ်းမြောက်ခဲ့ကြပါသည်။*

*တိုင်းနှင့်ပြည်နယ်မှ တိုင်းရင်းသူ၊ တိုင်းရင်းသားအစစ်များသည် သမ္မတကြီးအား ရင်းနှီးစွာမြင်တွေ့နှုတ်ဆက်ကြရသဖြင့် ကြည်နူးဝမ်းသာစွာ ရွာတော်အိပ်ဆောင်ရောက်သည်အထိ ပြောမဆုံးကြပေ။ မိသားစုများထံ လက်ကိုင်ဖုန်းများဖြင့် ဂုဏ်ယူစွာ လှမ်းပြောပြနေကြသည်ကို စာရေးသူတို့ တွေ့မြင်နေရ၏။ သူတို့နှင့်အတူ ညစာစားပွဲတက်ရောက်ခဲ့ရသည့် စာရေးသူတို့ Volunteer များတွင်လည်း တိုင်းရင်းသူအစစ်များ ပါရှိပါသည်။ ၎င်းတို့သည်လည်း သမ္မတနှင့်အကြီးအကဲများ၏ ညစာစားပွဲကို တက်ရောက်ဖူးပြီဟု ကြည်နူးဝမ်းသာပီတိဖြာနေကြပါသည်။ ထိုည၌ ရွာတော်မှ လူအတော်များများ မအိပ်စက်နိုင်အောင်ကို စိတ်လှုပ်ရှားခဲ့ကြရ၏။*

> *ကောင်းကင်၌ "လတစ်စင်း"ကို ကြယ်စင်များ ဝန်းရံခနေကြသလို နေပြည်တော်မြို့တော်ခန်းမရှေ့၌လည်း သမ္မတကြီးအား မျိုးဆက်သစ် လူငယ်များက ဝန်းရံခနေ . . . . .*

*လူငယ်ထုသည် နိုင်ငံ့အတွက် တာဝန်ကျေစွာဆောင်ရွက်နိုင်ခဲ့ကြသလို နိုင်ငံအကြီးအကဲများ၏ ဂုဏ်ပြုခြင်းခံရသဖြင့် နောင်တိုင်းပြည်တာဝန်ကို ပခုံးပြောင်းယူကြလျှင် အားအင်များအဖြစ် တသသခံစားနေကြမည်မှာ မလွဲပေ။ လမင်းနှင့်ကြယ်စင်များလင်းလက်ခဲ့သော ညကို မျိုးဆက်သစ်တို့ ရင်ထဲသိမ်းဆည်းထားကြပေလိမ့်မည်။*

**နန္ဒာခင်(သက္ကလမြေ)**

စီးပွားရေးကြော်ငြာ


















ခွေးရောင်းမည်
ရှီဇူး ၃ လ
ပီကင်းနစ်(အဖြူ) ၃လ
ခွေးမျိုးစုံအော်ဒါလက်ခံသည်
ဖုန်း-၀၉-၄၂၀၂၆၇၁၄၈

# ဘုတလင်ချစ်လေးအမှတ်တရဟာသဝတ္ထုတိုများ စုစည်းမှုမိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၁၀**

၁၉၅၀-၁၉၆၀ ပြည့်လွန်နှစ်များက ဆရာဘုတလင်ချစ်လေး၏လက်ရာ သောကြာဟာသဝတ္ထုတို ၁၆ ပုဒ်ကို စုစည်း၍ "ဖြစ်မှဖြစ်တတ်ပလေ" ဟာသဝတ္ထုတိုများ အမည်ဖြင့် ကွယ်လွန်ခြင်းနှစ် (၂၀) ပြည့် အမှတ်တရ ထုတ်ဝေမိတ်ဆက်ပွဲကို ဇန်နဝါရီ ၅ ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ Central Hotel (Ruby House)၌ ကျင်းပရာ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် စာပေအနုပညာရှင်များအပါအဝင် ဖိတ်ကြားထားသူများ၊ ဆရာကြီး ဘုတလင်ချစ်လေး၏ သားများဖြစ်ကြသော ကဗျာဆရာ ဝင်းဝေနောင်၊ ဦးရဲဝေ (မြန်မာစာ)နှင့် ဓာတ်ပုံကိုရဲနောင် (ခရေပင်)တို့ တက်ရောက်ကြသည်။

မိတ်ဆက်ပွဲတွင် ပါမောက္ခ ဦးတင်အောင်အေး၊ သောကြာဦးမောင်ကလေး၊ ဦးရဲဝေ(မြန်မာစာ)၊ ဆရာ ဝင်းဝေနောင်တို့က ဘုတလင်ချစ်လေး၏ အမှတ်တရ စကားကိုပြောကြပြီး ဆရာကြီး ဘုတလင်ချစ်လေး၏ ၁၉၅၅ ခုနှစ် မြဝတီမဂ္ဂဇင်းတွင်ပါဝင်သည့် ကချေသည် ကဗျာကို စန္ဒရားအောင်ခင်က ကိုးကားရေးကာ ဒေါ်မေစီသီဆိုထားသည့် ကချေသည်သီချင်းကို အဆိုရှင် စိမ်းလဲ့လဲ့ကသီဆို၍ မင်းသမီး စိမ့်နေခြည်က ကပြသည်။ ထို့နောက် ကဗျာဆရာဝင်းဝေနောင်ရေးသားသည့် "ရှိတုံ့ တင်ပေ-မေတ္တာမြေ"ကို စန္ဒရားတင်ဝင်းလှိုင်က အသံထည့်၍ နှင်းရည်သန့်ကဂုဏ်ပြုသီဆိုခဲ့ပြီး ဆရာကြီးဦးချစ်လေး၏ ၁၉၆၅ ခုနှစ်ခန့်က 'ရွှေပြည်တော်သည်' ရုပ်ရှင် ပဏာမသီချင်းကို အသံထည့်သီဆိုသူ ကေတုဝင်းထွန်းမှ ကိုယ်တိုင်သီဆို၍ အမှတ်တရဂုဏ်ပြုကြသည်။

ဘုတလင်ချစ်လေး၏ ဟာသဝတ္ထုတိုများဖြစ်သည့် ပီယဆေး၏အစွမ်း၊ ရှေ့ခြောက်နောက်လေး၊ သူ့လက်ခုပ်တွင်းကရေ၊ ကြံ့ခွဲပုံရယ်၊ မပြောလဲမပြောချင်ပြီ၊ သချိုင်းဂူများမှတ်တမ်း၊ သူတောင်းစားသမဂ္ဂဖွဲ့ပြီ၊ တစ်ညသောအခါ၊ ငိုသံကိုကြားရယ်လိုက်ရတယ်၊ ၁၃၅၊ ဖြစ်မှဖြစ်တတ်ပလေ၊ သတင်းထောက်လုပ်ခဲ့စဉ်က၊ ကျွန်းတုံးကြောင်လျှောက်၊ အားနာလိုက်တာဗျာ၊ အတုပြုနေလို့နှင့် ဗမာတွေမပူနဲ့ ဝတ္ထု ၁၆ ပုဒ်ကို ကာတွန်းဆရာရွှေမင်းသား၊ ငွေကြည်၊ မြေဇာ၊ တင်အောင်နီ၊ သစ်ထွဏ်း၊ နံ့သာ၊ မောင်လင်း၊ အကိန်း၊ ဝင်းအောင်နှင့် မောင်မောင်အောင်တို့၏ ကာတွန်းသရုပ်ဖော်ပုံများဖြင့် ဝေဆာလှပစွာထုတ်ဝေထားသည်။

စာရေးဆရာ၊ ကဗျာဆရာ ဘုတလင်ချစ်လေးကို ၁၉၂၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် (တနင်္လာနေ့)တွင် မန္တလေးမြို့၌ ဓာတ်ပုံဆရာ၊ သတင်းထောက် ဦးဘဦး-ဒေါ်သန်းတင်တို့ကမွေးဖွားပြီး အမည်ရင်းမှာ ဦးချစ်မောင်ဦး၊ ငယ်နာမည်မှာ ချစ်မောင်ဖြစ်သည်။ ဘုတလင်ချစ်လေး ကလောင်အမည်အပြင် တက္ကသိုလ်အောင်ချစ် ကလောင်ဖြင့် ဆောင်းပါးများရေးသားခဲ့ရာ မြန်မာစာအမြုတေ၊ စာပုလဲပန်းစာစီစာကုံးများ၊ ခေတ်ရေးအစမ်းစာများ၊ ကဗျာဟူသည်၊ ကချေသည်နှင့် အခြားကဗျာများ၊ မြကြေးမုံကဗျာများ၊ သနပ်ခါးတစ်ကွက်ရွှံ့တစ်စက်ကဗျာများ၊ ဘုတလင်ချစ်လေး၏ကဗျာတို့ ဖြစ်သည်။ ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကွယ်လွန်ခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်လှခင်မှာ ယခုအခါ သား၊ သမီး ကိုးဦး၊ မြေးခုနစ်ဦးတို့နှင့်အတူ မုံရွာမြို့၌ ကျန်းမာစွာဖြင့်နေထိုင်လျက်ရှိသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ပြည်သူ့အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**သထုံ ဇန်နဝါရီ ၁၀**

၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်လုံးကျွတ်ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်းများတို့ ဟောပြောခြင်းနှင့် နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းစသည့် ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများကို ဇန်နဝါရီ ၈ ရက်က သထုံမြို့နယ် မရမ်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

မြို့နယ်ဦးစီးမှူး ဒေါ်သူဇာအောင်က ကျေးလက်ပြည်သူများ အသိပညာဗဟုသုတပိုမိုမြင့်မားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာဖတ်ရှိန်မြင့်တင်ရေးကိစ္စရပ်များနှင့် နှစ်ပေါင်း ၃၀နီးပါးကြာမြင့်ပြီးမှ ထပ်မံကောက်ယူနိုင်သည့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြစေလိုကြောင်းရှင်းလင်းဟောပြောရာ ဒေသခံများက စိတ်ပါဝင်စားစွာဖြင့် မိမိတို့သိလိုသည်များကို မေးမြန်းခဲ့ကြသည်။ အဆိုပါအခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူ့ဝန်ဆောင်မှုအနေဖြင့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးခြင်း၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင် ခင်းကျင်းပြသခြင်းနှင့် ပညာပေးဗီဒီယိုခွေများ ပြသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာစာကြည့်တိုက်သို့ သုတရသစာအုပ်စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# သန်းခေါင်စာရင်းကောက်ယူရေး မိုင်းပန်၌ အသိပညာပေးဟောပြော

**မိုင်းပန် ဇန်နဝါရီ ၁၀**

၂၀၁၄ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၇ ရက်က မိုင်းပန်မြို့နယ် ရေဝန်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးဟန်ငွေးက သန်းခေါင်စာရင်းကောက်ယူမည့်လုပ်ငန်းများအတွက် ပြည်သူများအား အသိပညာပေးဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီလာလွင်က ဌာန၏ လုပ်ငန်းတာဝန်များနှင့် စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများစွာ ရရှိပြီး မိမိတို့ဌာနမှ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ကျေးရွာနေပြည်သူများအား စာဖတ်ရှိန်မြင့်တင်ရေးအတွက် ရွာစဉ်အလိုက်ကွင်းဆင်း၍ ဟောပြောပွဲ၊ စာဖတ်ဝိုင်းများ ပြုလုပ်ပေးခြင်း၊ မြို့နယ်အတွင်းနေထိုင်သော ပြည်သူများအား Mobile Library စနစ်ဖြင့် စာအုပ်ငှားရမ်းပေးခြင်းစသည့် လုပ်ငန်းများနှင့် ပတ်သက်၍ အကျယ်တဝင့် ဟောပြောသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းကျော်လွင်က ပြည်လုံးကျွတ်ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို အသေးစိတ် ရှင်းလင်းတင်ပြပြီး ပြည်သူများသိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

KBZ Bank(Account No.00730200701690301)

"ဘုရားအဆူဆူ နိဗ္ဗာန်ယူသည့် ကုသိနာရုံ မလ္လာရာမ ဝိဟာရ၌ ဒါနမှတ်တိုင် စိုက်ထူနိုင်ပြီ"

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန်၊ မုခ်ဦးဒါယကာကြီး**

**ဦးသိန်းဟန် (၉၁)နှစ်**

လေးစားရပါသော ဆရာကြီး ပါမောက္ခဒေါက်တာ ဦးဝင်းနိုင် (ပါမောက္ခဌာနမှူး၊ အသည်းရောဂါဌာန၊ ရန်ကုန်ဆေးရုံကြီး)-ဒေါ်နီလာခင်တို့၏ဖခင်ကြီးသည် ၄-၁-၂၀၁၄(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဆရာ့၏မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာသန်းသန်းရီ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန်၊ မုခ်ဦးဒါယကာကြီး**

**ဦးသိန်းဟန် (၉၁)နှစ်**

လေးစားရပါသော ဆရာကြီး ပါမောက္ခဒေါက်တာ ဦးဝင်းနိုင် (ပါမောက္ခဌာနမှူး၊ အသည်းရောဂါဌာန၊ ရန်ကုန်ဆေးရုံကြီး)-ဒေါ်နီလာခင်တို့၏ဖခင်ကြီးသည် ၄-၁-၂၀၁၄(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဆရာ့၏မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာသင်းနိုင်ဦး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သိန်းနွဲ့(မြိတ်)**

**အသက်(၈၀)**

သူငယ်ချင်း ဒေါက်တာဝေဝေရီ (ခါတ်မှန်အထူးကု၊ တောင်ငူဆေးရုံကြီး)၏မိခင် ဒေါ်သိန်းနွဲ့ ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**11/87 Batch ဆေးတက္ကသိုလ်(၂)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်စိန်(သန်လျင်)**

**အသက်(၇၇)နှစ်**

သန်လျင်မြို့နယ်တွင် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် အမိုးနီသုသာန်ဖြစ်မြောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိန်လွင်-ဒေါ်ဖြူဖြူခိုင်တို့၏ဖခင်ကြီး ဦးအောင်စိန်သည် ၇-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**သန်လျင်မြို့နယ်အမိုးနီသုသာန်ဖြစ်မြောက်ရေးအဖွဲ့**
**ဓမ္မစက္ကပဝတ္တနကာရီသာသနာ့အကျိုးဆောင်အဖွဲ့**
**ဖို့မြေလမ်း၊ သန်လျင်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်စိန်(သန်လျင်)**

**အသက်(၇၇)နှစ်**

သန်လျင်နာရေးကူညီမှုအသင်း၏ ဂုဏ်ထူးဆောင်နာယက ဦးစိန်လွင်၏ဖခင် ဦးအောင်စိန်သည် ၇-၁-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်ကျော်ဝင်း(ခ)ဦးဘာဘူ-ဒေါ်မြသီတာဦး မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ကိုသီဟ**

**(Operation Manager၊ ရွှေပုံနှိပ်လုပ်ငန်း)**

**အသက်(၂၆)နှစ်**

ရွှေမီဒီယာနှင့် ပုံနှိပ်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ကိုသီဟ (Operation Manager) အသက်(၂၆)နှစ်သည် ၇-၁-၂၀၁၄ ရက် ည ၁၂း၂၅ နာရီတွင် အချိန်မတိုင်မီ ကြွေလွင့်သွားရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မကလျာ(MD)နှင့်ဝန်ထမ်းများ(ရွှေမီဒီယာနှင့်ပုံနှိပ်လုပ်ငန်း)**

## ကျေးဇူးအထူးတင်ရှိခြင်း

၁-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးကျော်ဝင်း(ဘာဏုရာဇာပုံနှိပ်တိုက်) အသက်(၆၆)နှစ်၏ စျာပနကိစ္စအဝဝတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ ဌာနဆိုင်ရာမှအရာရှိ၊ ဝန်ထမ်းများအားလည်းကောင်း၊ အသင်းအဖွဲ့များအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်အားပေးသတင်းမေး၊ အကူအညီပေးသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## (၅)နှစ်ပြည့်လွမ်းဆွတ်သတိရတမ်းတခြင်း

**ဒေါက်တာအေးအေးရီ(ကမာဝက်)**

**(၁၁-၁-၂၀၀၉ - ၁၁-၁-၂၀၁၄)**

"ညီမလေး"၊ "မေချစ်"

ပျော်ရွှင်မှု၊ သာယာမှုအပေါင်းနှင့်ပြည့်စုံတဲ့မိသားစုဘဝလေးထဲက ထာဝရထွက်ခွာသွားတာ ၁၁-၁-၂၀၁၄ ရက်ဆိုရင် (၅)နှစ်ပြည့်မြောက်ခဲ့ပေမယ့် အတူတူလက်တွဲခဲ့တဲ့ မိသားစုဘဝရဲ့ ချစ်ခင်ကြင်နာမှု၊ ပျော်ရွှင်ယုယမှုတွေကို တစ်သက်လုံးသတိရနေမှာပါ။ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုပြုသမျှ ကုသိုလ်ကောင်းမှုအဝဝကို မြင့်မြတ်သောဘုံဘဝမှ သာခုခေါ်ဆိုပြီး အေးချမ်းမှုအပေါင်းနှင့် ပြည့်စုံပါစေ။

**ကိုကို၊ ရဲရဲ၊ ပြည့်ပြည့်နှင့်နှစ်ဖက်မိဘမောင်နှမ မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးလှကြည်(တရားလွှတ်တော်ရှေ့နေ)**

**(စဉ်-၁၂၅၆)၊ 2nd Batch**

**နိုဗြဲပဗ္ဗလစ်**

**အသက်(၆၈)နှစ်**

အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဆရာဦးလှကြည်၊ တရားလွှတ်တော်ရှေ့နေ၊ နိုဗြဲပဗ္ဗလစ်သည် ၇-၁-၂၀၁၄ရက်(အင်္ဂါနေ့) ည ၈း၁၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာသုဂတိလားပါစေ။

**ဆရာ၏ချစ်တပည့်များ၊ အင်းစိန်ရှေ့နေအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန်၊ မုခ်ဦးဒါယကာကြီး**

**ဦးသိန်းဟန်(ပဲခူး)**

**အသက်(၉၁)နှစ်**

ပါမောက္ခ ဦးတိုးဝင်း(ခါတ်မှန်ဆရာဝန်ကြီး)-ဒေါ်စန္ဒာလွင်နှင့် ပါမောက္ခ ဦးဝင်းနိုင်(ပါမောက္ခဌာနမှူး၊ အသည်းရောဂါဌာန၊ ရန်ကုန်ဆေးရုံကြီး)-ဒေါ်နီလာခင်တို့၏ဖခင် ဦးသိန်းဟန် အသက်(၉၁)နှစ်သည် ၄-၁-၂၀၁၄(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**(အာရှတော်ဝင်ဆေးရုံ)**

## အများသိစေရန်ကြော်ငြာခြင်း

ကျွန်မဒေါ်မြမြအေး[၁၂/ဥကမ(နိုင်)၁၀၈၁၇၅၄]သည် ပဲခူးမြို့၊ ဥဿာမြို့သစ်မြေကွက်ကြီးအမှတ်(၁၇)၊ အိမ်ကွက်အမှတ်(၄၇၇)၊ (၄၅၇)အကျယ်အဝန်းပေ(၄၀ × ၆၀)ရှိ မြေကွက်များအား ဥဿာမြို့သစ်မြေကွက်နေရာချထားရေးကော်မတီမှ (စလစ်အမည်ပေါက်)ချထားခြင်းမှုရရှိ၍ စီမံခန့်ခွဲခွင့်ရရှိထားပါသည်။ သို့ပါ၍ အထက်ပါမြေကွက်များနှင့်ပတ်သက်၍ ဤကြော်ငြာပါရှိပြီး (၁၄)ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောသက်သေအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်မြမြအေး[၁၂/ဥကမ(နိုင်)၀၈၁၇၅၄]**

**အမှတ်-၁၀၃၅၊ ခေမာသီလမ်း၊ ည/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/နွယ်အေး၊ မြေကွက်အမှတ်-ဃ/၈၇၊ မြေကွက်တည်နေရာအမှတ်(၃၄၄)၊ နွယ်နီလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံ (ဦးစိုးမြင့်-ဒေါ်စိန်ကြည်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိုးမြင့်(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုကို ဇနီးဖြစ်သူ ဒေါ်ကြည်(CM-၀၁၃၆၂၅)နှင့် ကျန်ပူးတွဲအမည်ပေါက် ဒေါ်စိန်ကြည်(မိခင်)နှင့် ဦးထွန်းကြည်(ဖခင်)တို့ ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုကို တစ်ဦးတည်းသောသားဖြစ်သူ ဦးနေမင်းထွန်း[၁၂/ဒပန(နိုင်)၀၀၉၆၉၀]တို့မှ ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြလျက် ၎င်းတို့ကိုယ်စား GP-၂၁၁၂၀/၁၃/(၁၈-၁၁-၁၃)ရရှိသူ ဦးလှထွန်း[၁၂/ကမန(နိုင်)၀၀၁၈၄၆]မှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမြန်ဆက်သွယ်ပါ

Cherry, QQ3, Taxi မောင်းလိုသူများ အမြန်ဆက်သွယ်ပါ။ အိမ်ပေးထားမည်။ လပေးငှားမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၁၇၅၂၂၉**

## (၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဒေါ်တင်ကြည်(လှည်းဆိပ်)**

**B.A, Dip.Ed (အထက်တန်းပြဆရာမ၊ ငြိမ်း)**

ဘုရား၊ ကျောင်း၊ ရဟန်း၊ ဒါယိကာမကြီး ကွယ်လွန်သည်မှာ ဒီနေ့ (၃)နှစ်ပြည့်ခဲ့ပါပြီ။ တစ်နေ့မှမေ့မရပါ။ နေ့စဉ်၊ လစဉ်နှင့်ယနေ့ပြုလုပ်သော ကောင်းမှုအစုစုကို အမျှ-အမျှ-အမျှ ပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှ သာခုခေါ်ဆိုနိုင်ပါစေ။

| | |
|---|---|
| **ချစ်ခင်ပွန်း** | **- ဦးသန်းအောင်(Dy.M.D ဆောက်လုပ်ရေးဘဏ်)** |
| **ချစ်သမီး** | **- ဦးအောင်နိုင်ထွေး-ဒေါ်ယုယုမွန်** |
| **ချစ်သား** | **- ဦးကြည်ဇော်-ဒေါ်မြနှင်းဝေပွင့်(လ/ထ ညွှန်မှူး)** |
| **ချစ်မြေးများ** | **- အောင်ပြည့်မင်း(MCB ဘဏ်)၊ ဟိန်းထွဋ်ဦး(C.A.E ဘော်ဒါ)၊ မေဟိန်းကို(ထ-၅၊ ဗိုလ်တထောင်)** |

## (၁)နှစ်ပြည့် သတိရလွမ်းဆွတ်ခြင်း

**ဗိုလ်မှူးကျော်ထွန်းနောင် (လေ-၃၁၆၁)၊ အမှတ်စဉ်(၄၇)**

**(၁၁-၁-၂၀၁၃) (၁၁-၁-၂၀၁၄)**

**ကိုကို**

သဲကိုခွဲခွာသွားတာ ၁၁-၁-၂၀၁၄ ရက်ဆို (၁)နှစ်တင်းတင်း ပြည့်ခဲ့ပေမယ့် တစ်နေ့မှမေ့မရပါ ကိုကိုရေ သဲနေ့စဉ်နေ့တိုင်း၊ လစဉ်လတိုင်းပြုခဲ့သမျှ ကောင်းမှုကုသိုလ်အားလုံးတို့ကို ရောက်ရာမြင့်မြတ်သောဘုံဘဝမှ (သာခု)ခေါ်ဆိုနိုင်ပါစေ။

ကိုကိုရေ

အမျှ-အမျှ-အမျှ---

**ချစ်ဇနီး(သဲ)**
**ဒီမိုစိုးလှိုင်(ခ)ဝေဝေလွင်**

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဒုဗိုလ်မှူးကြီးသူရဖြိုးဦးငြိမ်း အသက်(၃၅)နှစ်**

**လေ-၂၅၂၅၊ DSA(၄၁)၊ (၁၁-၁-၂၀၁၃ မှ ၁၁-၁-၂၀၁၄)**

တိုင်းပြည်အတွက် အသက်ပေးသွားတာ (၁)နှစ်ပြည့်ခဲ့ပြီး ကိုဖြိုးအတွက် ပြုလုပ်သမျှကုသိုလ်များကို ကောင်းရာမွန်ရာဘုံဘဝမှ အမျှရ၍ သာခုခေါ်ဆိုနိုင်ပါစေ

. . . . အမျှ-အမျှ-အမျှ---

ဇနီး - ဒေါ်သိင်္ဂီရွှေစင်ဝင်း
သားကြီး - မောင်စည်သူဖြိုး
သားငယ် - မောင်ဇာနည်ဖြိုး

**ကျန်ရစ်သူမိသားစု**



## ကျေးဇူးတင်ရှိခြင်း

ဒေါက်တာဦးစိုးခိုင်-ဒေါ်နော်အောလစ်(ဖ်)တင်တို့၏ချစ်လှစွာသောသားကြီး (1/E) ကိုဟိန်းထက်စိုးခိုင်၏ နာရေးကိစ္စအဝဝကို ရက်ပေါင်း (၂၁)ရက်တိုင်တိုင် မပျက်မကွက်မေတ္တာပြဝတ်ပြုဆုတောင်းကူညီပေးခဲ့ကြသော ယုဒသန်(Judson) ကရင်နှစ်ခြင်းအသင်းတော်၊ သမိုင်းကရင်နှစ်ခြင်းအသင်းတော်၊ ဧမာနွေလကရင်နှစ်ခြင်းအသင်းတော်များမှ သိက္ခာတော်ရဆရာတော်ကြီးများနှင့် အသင်းသူ၊ အသင်းသားများ၊ အင်းစိန်ကရင်ကျမ်းစာကျောင်းဝင်းမှ သိက္ခာတော်ရဆရာတော်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မင်္ဂလာဒုံ ST.George's Church မှ ဘုန်းတော်ကြီးနှင့်ဇနီး၊ အကျဉ်းဦးစီးဝင်းနှင့် မီးရထားဝင်းအသင်းတော်များမှ သိက္ခာတော်ရဆရာတော်ကြီးများနှင့် အသင်းသူ၊ အသင်းသားများ၊ ရေကြောင်းသိပ္ပံမှသူငယ်ချင်းများနှင့် လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများ၊ ရပ်နီးရပ်ဝေးမှနှစ်ဖက်ဆွေမျိုးမိသားစုဝင်များ၊ အစအဆုံး တာဝန်ယူကူညီပေးခဲ့ကြသော JSM Internatioanl Shipping မှ Captain နှင့်ဝန်ထမ်းများ၊ ရေကြည်တစ်ပေါက်လူမှုရေးအသင်း(အင်းစိန်)နှင့်လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ သတင်းစာများတွင်လည်းကောင်း၊ လွမ်းသူ့ပန်းခြင်းများနှင့် နှစ်သိမ့်အားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

11-1(22).pmd 1 1/10/2014, 12:33 AM



မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် ဒီဇင်ဘာ ၁၀ ရက်က တင်ဒါအောင်မြင်သူများအား ဖွင့်ဖောက်ကြေညာ၍ ရောင်းချပေးစဉ်။ (သတင်း စာမျက်နှာ » ၃)

(သတင်းစဉ်)

# မြေဩဇာဆိပ်ဖြေဆေးလိုအပ်ချက်ကို သိုးသွေးရည်ကြည်မှုထုတ်၍ ဖြည့်ဆည်းပေးနေ

သတင်း-ထက်ခိုင်(စမ်းချောင်း) ❖ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပြီး စပါးသီးနှံ၊ ပဲမျိုးစုံ ထုတ်လုပ်သည့်အခါ မြွေအန္တရာယ်မှာ တောင်သူတို့အတွက် စိန်ခေါ်နေသော အခြေအနေတစ်ရပ်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အပိုင်းက မြွေဆိပ်ဖြေဆေးထုတ်လုပ်ပေးနေပြီး ဖြန့်ကြက်လုပ်ဆောင်နေသော်လည်း တစ်နှစ်ထက်တစ်နှစ် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အစီအမံများချမှတ်ဆောင်ရွက်နေကြရခြင်းဖြစ်သည်။ မြွေကိုက်ခံရသော လူနာများတွင် မြွေပွေးအကိုက်ခံရသူမှာ ၆၀ ရာခိုင်နှုန်းခန့်ရှိပြီး အမျိုးအမည် ခွဲခြားနိုင်မှုမရှိသော မြွေကိုက်ခံရသည့် ၂၉ ရာခိုင်နှုန်းတွင်လည်း မြွေပွေးအကိုက်ခံရခြင်းဖြစ်စဉ်ပါဝင်မှုကြောင့် အနည်းဆုံး ၈၀ မှ ၉၀ ရာခိုင်နှုန်းခန့်မှာ မြွေပွေးကိုက်ခံရသော ဖြစ်စဉ်ဖြစ်ကြောင်း အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)မှ ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာအောင်ဇော်က ပြောကြားသည်။

ထို့ကြောင့် မြွေပွေးအဆိပ်ဖြေဆေးအတွက် သုတေသနပညာရှင်များက အခြားသော ဆေးဝါးများမှ ထုတ်လုပ်နိုင်ရန် သုတေသနပြုလေ့လာခဲ့ကြပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်မှု၊ ဆေးအချိန်အဆ စသည့် အသေးစိတ်အခြေအနေများကို ဓာတ်ခွဲခန်းတွင် တိရစ္ဆာန်များမှ နောက်ဆုံးလူတွင် အသုံးပြုနိုင်သည်အထိစမ်းသပ်ကာ ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒

ယနေ့

rwd


လိုင်စင်ရယူဖွင့်လှစ်ရောင်းချသည့် ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်အရေအတွက် ပိုမိုတိုးမြင့်များပြားလာ
စာမျက်နှာ - ၅

လန်ပီကျွန်းလခြမ်းအော်တွင် ကမ်းတင်သေဆုံးသည့် ဝေလငါး၏ တွေ့ရှိချက်
စာမျက်နှာ - ၁၁

အမြန်လမ်း၌ ခရီးသည်တင်ယာဉ် မီးလောင်
စာမျက်နှာ - ၁၄


# (၆၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၁၀

(၆၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ယနေ့ကျရောက်သည့် (၆၆)နှစ်မြောက် ကချင်ပြည်နယ်နေ့သည် ကချင်ပြည်နယ်သူ ပြည်နယ်သားများအတွက် ထူးမြတ်လှသော နေ့ထူးနေ့မြတ်ဖြစ်ပါကြောင်း၊ မိမိတို့နေထိုင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားလူမျိုးများသည် အေးအတူပူအမျှ အတူတကွ စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုများဖြင့် ပေါင်းစည်းယှက်နွယ်ချစ်ကြည်ရင်းနှီးစွာ အတူတကွ နေထိုင်ခဲ့ပါကြောင်း။

နှစ်စဉ်နှစ်တိုင်း ဇန်နဝါရီ ၁၀ ရက်ရောက်တိုင်း ကချင်ပြည်နယ်နေ့ အခမ်းအနားကို ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၆၆)နှစ်တိုင်ရှိခဲ့ပြီဖြစ်ကြောင်း၊ ကချင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး **စာမျက်နှာ ၅ ကော်လံ ၃ သို့** ○



(၆၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားတွင် ကချင်တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။







ခေါင်းတာစေလှုပြု ဦးစီးတည်ထောင်သည်

# EC ကိုယ်ပိုင်အထက်တန်းကျောင်း

EC : The Prestigious School of Future Leaders

## ပညာရည်ချွန်ဆုပေးပွဲ

■ ၁၉၉၈ ခုနှစ်ကတည်းက တည်ထောင်ခဲ့သည့် **EC** ပညာရေးအဖွဲ့သည် မြန်မာတစ်နိုင်ငံလုံး Top Ten, Top 12 ဆုရရှိသူများ၊ ဘာသာစုံဂုဏ်ထူးရှင်များ၊ ဘာသာစုံဂုဏ်ထူးရရှိသူ လူပေါင်းများစွာကို မွေးထုတ်ပေးခဲ့ပြီး **EC** မှထွက်သွားသော ကျောင်းသားများသည် အင်္ဂလိပ်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ သြစတြေးလျနိုင်ငံတို့တွင် ထောင်းမြောင်းနေကြသူများ လောကအကျိုးပြုနေကြပြီ ဖြစ်ပါသည်။

■ ၂၀၁၃ တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင်များ (၆)ဘာသာဂုဏ်ထူးရှင်များ **EC** မှထွက်ရှိရာ Top Ten ဝင် ဂုဏ်ထူးရှင်များ အပါအဝင်(၁၅)ဦးသည် စင်ကာပူနိုင်ငံသို့လည်းကောင်း၊ (၅)ဘာသာဂုဏ်ထူးရှင်များ၊ (၃)ဘာသာဂုဏ်ထူးရှင်များပါ အပါအဝင်(၁၇)ဦးသည် ထိုင်းနိုင်ငံသို့လည်းကောင်း ဂုဏ်ပြုလေ့လာရေးခရီးများ သွားရောက်ခဲ့ကြပါသည်။

■ (၅-၁-၂၀၁၄)နေ့ Sedona Hotel, Grand Ballroom တွင် **EC** (၁၆)နှစ်မြောက်အထိမ်းအမှတ်နှင့် ပညာရည်ချွန်ဆုနှင်းသဘင်၌ **EC** ရှေ့နောက်ပြောင်းကျောင်းသားများ၊ ဘာသာစုံဂုဏ်ထူးရှင်များ၊ ထူးချွန်ဂုဏ်ထူးရှင်များ၊ ပညာရည်ချွန်ဆု အစ်ရှင်ပညာသင်ဆု ရရှိသူများ၊ ပန်းချီ၊ ဂီတ၊ အားကစား ထက်ရုံထူးချွန်သူများအား ဆုချီးမြှင့်ပေးပါသော ဆရာကြီး၊ ဆရာမကြီးများ၊ ကြွရောက်ချီးမြှင့်ပေးပါသော ဧည့်သည်တော်ကြီးများ၊ မိဘများ၊ Immortal တေးဂီတအဖွဲ့နှင့်အတူ ဂုဏ်ပြုဖျော်ဖြေပေးသော တန်ခိုးကြီး၊ လွှမ်းမိုး၊ ပွဲ၊ ချစ်သူဝေ၊ နီနီဝင်းဖေ၊ အိုင်ရင်းစမ်းမြင့် နှင့် အနုပညာရှင်များအား ကျေးဇူးတင်ရှိပါကြောင်း . . .

## တက္ကသိုလ်ဝင်တန်းပညာသင်ဆု

၁။ **EC** ပညာသင်ဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။

၂။ ယခုနှစ် ၁၀တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူတိုင်း လျှောက်ထားနိုင်ပါသည်။

(က) ၁၀တန်းသင်ရိုးအတိုင်း မြန်မာစာ၊ အင်္ဂလိပ်စာ အက်ဆေး (Essay&Letter)၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာ ခုံများကို မေးခွန်းလွှာကို ဖြေဆိုရပါမည်။

(ခ) ရွေးချယ်ခံရသူများကို နှုတ်ဖြေစစ်ဆေးခြင်းခံရမည်ဖြစ်ပါသည်။

(ဂ) နယ်မှကျောင်းသားကျောင်းသူများအတွက် နီးစပ်ရာ ခရိုင်(သို့မဟုတ်)ပြည်နယ်/တိုင်းဒေသကြီးမြို့တော်များတွင် ရွေးချယ်စစ်ဆေးမှုများ ကျင်းပပါမည်။

(ဃ) ပထမဆင့် (First Class) ရွေးချယ်ခံရသူများသည် **EC** ပညာရေးအဖွဲ့တွင် ပညာသင်နှစ်တစ်နှစ်စာ သင်ကြားရေး၊ နေထိုင်ရေး၊ စားသောက်ရေး စရိတ်အားလုံး ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။

(င) ဒုတိယအဆင့် (Second Class) ရွေးချယ်ခံရသူများသည် သင်ကြားရေးစရိတ် ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။

(စ) လျှောက်ထားလိုသူများသည် အမည်၊ အသက်၊ ကျောင်း၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊ ရရှိခဲ့သော ဆုတံဆိပ်များကို ဖော်ပြလျက် (၉-၃-၂၀၁၄) မှစ၍ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

■ ၆(က) ကန်တော်ကြီးကန်ပတ်လမ်း၊ ဗဟန်း (Kantawgyi Campus)

■ ၅၉(B4) ရွှေတောင်ကြားလမ်း၊ ဗဟန်း (Golden Valley Campus)

ဖုန်း ၀၁ ၅၅၉၇၉၉၂၊ ဖုန်း ၀၉ ၅၁၃၀၂၈၅၉၁၊ ဖုန်း ၀၉ ၅၀၂၉၉၉၉၊ ဖုန်း ၀၉ ၅၀၅၉၃၉၀

www.facebook.com/ecprivatehighschool

## လှိုက်လှဲဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၁၂ခုနှစ်အတွက် အမျိုးသားဇာတ်ဆောင်ဆုရရှိသော အထက(သုဝဏ္ဏ)ကျောင်းသားဟောင်း (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ ဒု-ဥက္ကဋ္ဌ **ပြေတီဦး**အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**အထက(သုဝဏ္ဏ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏**
**(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၂ခုနှစ်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် နိုင်ငံတော်မှ ချီးမြှင့်သော အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆု ရရှိသူ အကယ်ဒမီ **ကိုဇော်(အရုဏ်ဦး)**အား အထူးပင် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်နှစ်များတွင်လည်း နိုင်ငံ့အကျိုး၊ အနုပညာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

| | |
|---|---|
| **ဒေါ်တင်ရီ၊ သမီး အိလေး** | **ဦးစိုးဝင်း-ဒေါ်ဝင်းငွေ** |
| **ဆရာမအထည်ဆိုင်မိသားစု** | **မိုးမိုးကတွတ်ယိုမိသားစု** |
| **မင်္ဂလာဈေး၊ ရန်ကုန်မြို့** | **ကျိုက်ထိုမြို့** |







### ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ်(၉၆)၊ မူလတိုက်ဟောင်း အလယ်ခန်း(၂)ထပ် လက်ရှိအခန်း G-B, 1-B အိမ်ငှား ဒေါ်ခင်ကြည် [၁၂/မဘန(နိုင်)၀၄၃၂၄၂] သိစေရန်

ရန်ကုန်မြို့၊ အမှတ်(၈၄)၊ ရွှေတိဂုံဘုရားလမ်းနေ ဒေါ်သန်းတင်[၁၂/ပဘတ(နိုင်)၀၂၃၆၇၈]၏ ညွှန်ကြားချက်အရ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၉၄/၉၆)၊ မူလအခန်းအမှတ်(အလယ်ခန်း)လက်ရှိတိုက်သစ် အခန်းအမှတ်G-B, 1-B ၊ ဘုန်းကြီးလမ်း အိမ်ငှား ဒေါ်ခင်ကြည်[၁၂/မဘန(နိုင်)၀၄၃၂၄၂]သိစေရန်မှာ မူလ အဆောက်အအုံကို အသစ်ပြန်လည်ဆောက်လုပ်ပြီး၍ မူလ အိမ်ငှားများကို အခန်းပြန်လည်ပေးအပ်သော်လည်း လူနေခွင့်ကျပြီးဖြစ်သည့် ၂၀၁၂ခုနှစ်၊ (၆)လပိုင်းမှစ၍ အိမ်ရှင်/မြေရှင်သို့ ပေးသွင်းရန်ရှိသော ငှားရမ်းခများ[မူလ ငှားရမ်းခ မြေညီထပ် တစ်လ ၇၅၀ိ/၊ ပထပ် ၇၀၀ိ/-] လက်ရှိပြင်ဆင်ငှားရမ်းခ မြေညီထပ် တစ်လ ၂၅၀၀ိ/-၊ ပထပ် ၂၀၀၀ိ/-ကို ပေးသွင်းရန် ပျက်ကွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ ပြင်ဆင်ငှားရမ်းခဖြစ်သော တစ်နှစ်ခွဲစာဖြစ်သည့် ၈၁၀၀၀ိ/-တိတိကို ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ရက်ကို နောက်ဆုံးထားပေးသွင်းရန်နှင့် ပျက်ကွက်ပါက အခန်းပြန်လည်ရလိုမှုဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးရဲဝဏ္ဏဖြိုး**
**LL.B, D.B.L, D.I.L**
**အထက်တန်းရှေ့နေ(စဉ်-၃၂၅၃၆)**
**အမှတ်(၁၂၄)၊ အခန်း(၁၅)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်မြမြသိန်း၏ မြန်မာနိုင်ငံကူးလက်မှတ်-M-675270 မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၄၁၇၆၈၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကင်ပွန်းခြံလမ်း၊ အမှတ်(၇၆/၇၇/၇၈)၊ (၂)ခန်းတွဲ၊ (၈)ထပ်ခွဲတိုက်ရှိတိုက်ကို မျက်နှာမူရာ (ဝဲဘက်ခြမ်း)၊ အကျယ်အဝန်း(၁၇၀၀)စတုရန်းပေခန့်ရှိ(၂)လွှာ(ညာခန်း)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် လွှဲပြောင်းရောင်းချခွင့်ရှိသူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများမှ စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းအောင်(LL.B)**
**(စဉ်-၂၈၁၆၀)**
**အထက်တန်းရှေ့နေ**
**အမှတ်-၆၂(ပထမထပ်)၊ အခန်း(၁၀)၊ ကုန်သည်လမ်းနှင့်ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ကျေးဇူးဆပ်

ကျွန်တော် ကျော်ဇင်ဒွေး[၁၂/ဥကမ(နိုင်)၂၃၉၉၅၇]သည် ခရီးသွားရင်း မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၂၀၈၄၀၃**

### ကျေးဇူးဆပ်

ကျွန်တော် မောင်မြင့်ဇော်စိုး[၁၂/သခန(နိုင်)၁၁၂၆၄၅] CDC,NO-90483 ၏ B.S.T Certificate (No-31533/13)ကတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပေးပို့ပါရန်။**ဖုန်း-၀၉-၄၂၁၀၆၈၇၀၂**

### ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၁၀၁ (၄၃'၊၆''× ၆၀')အကျယ်အဝန်းရှိ ရွှေပြည်အေးလမ်း၊ အမှတ်(၁၀၁)ဟု ခေါ်တွင်သော နှစ်(၆၀)ဂရန်မြေကွက်နှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

ဖော်ပြပါ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဗိုလ်မှူးအောင်မင်း(YMN-၁၇၉၉၅၅)အမည်ပေါက်ပါသည်။ ဗိုလ်မှူးအောင်မင်း[ဒုတိယဗိုလ်မှူးကြီးအောင်မင်း(ရေ/ငြိမ်း)]သည် ဖော်ပြပါ ဂရန်မြေကွက်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်းထားခြင်း၊ ကိုယ်စားလှယ်စာလွှဲအပ်ထားခြင်းမရှိပါ။ ဖော်ပြပါ ဂရန်မြေကွက်ကို ဒုတိယဗိုလ်မှူးကြီးအောင်မင်း(ရေ/ငြိမ်း)၏ ခွင့်ပြုချက်မရဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်းခြင်းပြုပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒုတိယဗိုလ်မှူးကြီး အောင်မင်း(ရေ/ငြိမ်း)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးကျော်ဦး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၈၈)**
**အခန်း-၅၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၉၆၃၆**

## ကရုဏာစင်တာ ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှုနှင့် ကရုဏာ ကုသိုလ်ဖြစ်ဆေးခန်းတည်ဆောက်ခြင်း ပါဝင်လှူဒါန်းနိုင်

Account No. 007 301 00702498201

## မော်ဒီကဲ

Jan (12, 26), Feb (9, 23), Mar (9), April (12, 13)

## ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ၃ ထပ် ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ**
**ဓမ္မာရုံပရိယတ္တိစာသင်တိုက်**
**ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆**

Full Auto

09420035882, 73199257

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ / နွယ်အေး၊ မြေကွက်အမှတ်-၅၄၆၊ မြေကွက်တည်နေရာ အမှတ်(၅၄၆)၊ စပါယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးရွှေ ဦးကုလား) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရွှေ(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ အစုအားဇနီးဖြစ်သူဒေါ်သန်းရီ[၁၂/ဒပန(နိုင်)၀၃၁၁၉၀]မှလည်းကောင်း၊ ကျန်အမည်ပေါက် ဦးကုလား (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏အစုအား ဇနီးဖြစ်သူဒေါ်အေးကျင်[၁၂/မဂတ(နိုင်)၀၅၈၈၅၁] တို့ကိုယ်စား GP -22905/၁၄-၁၁-၁၃ဖြင့် ရရှိသူ ဦးအာယုအာလီ [၁၂/တမန(နိုင်)၁၀၁၉၂၈]မှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## (၃၈)နှစ်ပြည့်မင်္ဂလာဆုတောင်း

ချစ်အပါကြီး ဦးစိုးဝင်း(မော်လမြိုင်မြို့နယ်သစ်တောဦးစီးဌာန)နှင့် ချစ်မေမေ ဒေါ်မြင့်မြင့်အုန်း (နတ်ရေကန် Car Servicing+ဆန်းသစ်လွင်ကွန်ပျူတာမိတ္တူ)တို့၏ ၁၁-၁-၂၀၁၄ရက်တွင် ကျရောက်သည့် **"(၃၈)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်"**မှသည် နောင်လာမည့်မင်္ဂလာနှစ်ပတ်လည်ပေါင်းများစွာကို ဘာသာ၊ သာသနာအကျိုးအတွက် အလှူရေစက်လက်နှံမကွာ ယခုထက်ပို၍ လှူဒါန်းနိုင်ပြီး သက်ရှည်ကျန်းမာစွာဖြင့် သားသမီးမြေးများနှင့်အတူ ပျော်ရွှင်ကြည်နူးစွာဖြတ်သန်းနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**သား၊ သမီး၊ မြေးများ. . .**

| | | |
|---|---|---|
| **သမီးကြီး** | - | **ကိုမျိုးသန့်(Myo Myat Construction & Decoration Group &Tour Car Rental Service)-အေးမြတ်စိုး (အင်/ယာ-၂ ယာ/အုံ၊ YCDC)** |
| **သမီးငယ်** | - | **မခင်မြတ်စိုးဝင်း(CB Bank Head Office)** |
| **မြေး** | - | **မယုန်းပြည့်ဝသုန်(ခ)အဖုး[Grade IV-A, ၆(အထက) မော်လမြိုင်]** |
| | - | **မဆောင်းမြူနှင်းအိမ်(ခ)ဖန်ဖန်(Jump Start Pre-School၊ မော်လမြိုင်)** |

## UMFCCI Training Institute

Office Management Course Batch-14
Human Resource Management Course Batch-8
Financial Management Course Batch-9
Business English Course Batch-12
Sales and Marketing Course Batch-7
Practical Approach to International Trade Course Batch-13
Systematic Distribution & Management Course Batch-9
Basic Japanese Language Course-A
Basic Japanese Language Course-B
Business Japanese Language Course
Internal Control & Internal Audit Training Course

## Japanese Style Accounting Center

## သင်တန်းကျောင်းမိတ်ဆက်ပွဲအခမ်းအနားဖိတ်ကြားခြင်း

ဂျပန်ကုမ္ပဏီများတွင် **Accounting နှင့်ပတ်သက်သောအလုပ် လုပ်ကိုင်လိုသူများ** မြန်မာလူမျိုးများ၏ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက် အထောက်အကူပြုသောသင်တန်းဖြစ်ပြီး ဂျပန်နိုင်ငံမှ သင်တန်းကျောင်းအုပ်ကြီး Mr. Takayoshi Taniguchi(CPA, MBA) ဆက်သွယ်ရေးနှင့်ဘဏ္ဍာရေး ဒု-ဝန်ကြီး (အငြိမ်းစား)မှ သင်တန်းကျောင်းမိတ်ဆက်ပွဲနှင့် သင်တန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားမည်ဖြစ်ပါ၍ ပညာအရည်အချင်းအထက်တန်းအဆင့်ရှိသူများမှစ၍ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

နေ့ရက်-၁၅-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့)
အချိန်-ညနေ ၆ နာရီ မှ ၈ နာရီထိ
နေရာ-တော်ဝင်နှင်းဆီသီရိခန်းမ၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။
ဆက်သွယ်ရန်လိပ်စာ -TOA Consulting Myanmar Co.,Ltd .
01-558062 , 09-43024112 , 09-448043856

ROYAL SUN 01-212651, 09-49308462

## ကိုရီးယားနိုင်ငံသို့

## သွားရောက် အလုပ်လုပ်ကိုင်လိုသူများအတွက်

ဆရာဦးမင်းသူ+ဆရာမ ဒေါ်မော်မော်စန်း
(B.A) Korean YUFL တို့၏

**ကိုရီးယား** ဘာသာသင်တန်းကျောင်းမှ

အခြေခံနှင့် EPS- TOPIK သင်တန်းများ၊ စကားပြော သင်တန်းများကို စတင်လက်ခံ သင်ကြားပေးနေပါသည်။

လစဉ်တန်းခွဲသစ်များရှိသည်။

**သင်တန်းနေရာ**

**Center 1 (၁၈၆) မိဂသီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၈၆၁၈၄၄၀၊ ၀၉-၄၂၀၇၁၀၆၈၉**
**Center 2 တိုက်(၁၂)၊ D2 သမိုင်းလမ်းဆုံ၊ ရန်ကုန်- အင်းစိန်လမ်းမ၊ ရန်ကုန်။**
**ဖုန်း-၀၉-၂၅၀၄၀၃၇၉၊ ၀၉-၂၀၄၅၄၄၇၊ ၀၁-၆၅၀၁၅၈၊**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ် ၂၄၉၊ မြေကွက်တည်နေရာအမှတ်(၂၄၉)၊ စံပါယ်လမ်း၊ ရွှေပြည်သာ (ဗိုလ်မှူးချစ်သိန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဗိုလ်မှူးချစ်သိန်းထံမှ အရပ်ကတိ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဦးဇင်ကိုကိုဟိန်း [၁၂/ကမတ(နိုင်)၀၅၅၃၈၈]မှ ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ၌ မြေယာရုံးခွဲမှတ်ပုံတင် လျှောက်ထားသည့်စာရွက်နှင့် မိသားစုမှီခိုစာရင်းစာရွက်များ တင်ပြခြင်းမရှိပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဘုရင့်နောင်၊ မြေကွက်အမှတ်-ဃ/၂၅၊ မြေကွက်တည်နေရာအမှတ်-ဃ/၂၅၊ အောင်သပြေလမ်း၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ [ဦးကျန်စိန်(ခ) တန်ကင်းစိန်] အမည်ပေါက်(၂၅) နှစ်ဂရန်မြေအား အမည်ပေါက် ဦးကျန်စိန်(ခ) တန်ကင်းစိန် ကွယ်လွန်သဖြင့် ဒေါ်ကျင်ရီ(ခ) အန်ရှုဟုံ [၁၂/လသန(နိုင်)၀၁၅၁၆၃]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာသေစာရင်းတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

Rose Part-I

LL.B, LL.M.
LL.B, LL.M, DML

☎ : 01 - 527326, 539323 : 09 - 73033182, 09 - 73033183
: 09 - 31292976, 09 - 33393069, 09 - 43121642
Hot Line : Nanda Phyo Aung (General Manager) : 09 - 31637007
E-mail : kyawayethan@gmail.com

အာရှနဂါး
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770










# ဂုဏ်ယူဝမ်းမြောက်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ၊ (၁၁) ရက်နေ့တွင်

**ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်**

**CHDB (Construction & Housing Development Bank)** ကို

အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်

မြန်မာနိုင်ငံသားများအတွက် ပိုမိုကောင်းမွန်သော

နေထိုင်စရာအိမ်ရာများရရှိရေးအတွက် အကူအညီပေးမည့်

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHDB) ၏

ရည်ရွယ်ချက်များ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

KBZ BANK
ကမ္ဘောဇဘဏ်လီမိတက်

ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့
ကမ္ဘောဇဘဏ်လီမိတက်



IMA
Institute of Accounting & Finance

CIMA
Chartered Institute of Management Accountants

In strategic partnership to build tomorrow's business leaders

Come and learn from EXPERTS in FINANCE!

January Intake!
Registration opens **Now**
Classes Begin: 13th Jan 2014

CFA INSTITUTE
ACCA
Other Courses Available!

No.15(B), Dhamma Zedi Road, San Chaung, Yangon.
PHONE : 09 513 3056, 09 4200 11184, 09 507 6584, 01 526 165 EMAIL : enquiry@imaweb.org
www.facebook.com/IMA Institute of Accounting and Finance - Myanmar



Junction Cineplex
အဆင့်မြင့်ရုပ်ရှင်ရုံ

10 . 1 . 2014 တွင် Junction Cineplex ၌ စတင်ပြသမည့် ဇာတ်ကားများ

Like us on facebook
JunctionCineplex

Animation 3D ဇာတ်ကားကြီး






| | | |
|---|---|---|
| **Junction Square ( Ph - 01 527 055)** | | |
| Police Story | Sun to Thu | 10 AM . 1 PM . 4 PM . 7 PM |
| | Fri & Sat | 10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM |
| Tarzan 3D | Sun to Thu | 10 AM . 1 PM . 4 PM . 7 PM |
| | Fri & Sat | 10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM |
| အမွေခံထိုက်သူ ဖြစ်ပါစေ | Sun to Thu | 10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM |
| | Fri & Sat | 10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM . 9 : 30 PM |
| **Junction Maw Tin ( Ph - 01 225 244)** | | |
| Police Story | Sun to Thu | 10 AM . 1 PM . 4 PM . 7 PM |
| | Fri & Sat | 10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM |
| အမွေခံထိုက်သူ ဖြစ်ပါစေ | Sun to Thu | 10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM |
| | Fri & Sat | 10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM . 9 : 30 PM |
| **Junction Nay Pyi Taw ( Ph - 067 421 615)** | | |
| ၃၉ ဒိုက်ပွ | Mon to Thu | 11 AM . 2 PM . 6 : 30 PM |
| | Fri to Sun | 10 : 30 AM . 1 : 30 PM . 4 : 30 PM . 7 : 30 PM |

ကမ္ဘာကျော် ကွန်ဖူးမင်းသား ဂျက်ကီချန်း ပါဝင်သော Police Story ရုပ်ရှင်ဇာတ်ကားသစ်ကြီး





## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရှိ အောက်ဖော်ပြပါကွန်းအုပ်စုများပေါ်မှ ဇီဝဖိုးငှက်သိုက်များကို တစ်ဦးတည်း စုသိမ်းထုတ်ယူခွင့်အား ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန် တင်ဒါခေါ်ယူအပ်ပါသည်။

| စဉ် | လပ်ပုံ | ကျွန်းအုပ်စု အမည် | ပစ္စည်းတည်နေရာ |
|---|---|---|---|
| ၁ | (၁) | မော်စကိုကျွန်းအုပ်စု | လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၂ | (၂) | ရေအေးကျွန်းအုပ်စု | ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၃ | (၃) | ကဆိုင်းလှနှင့် ကော့ငါးကျွန်းအုပ်စု | ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၄ | (၄) | မလိကျွန်းအုပ်စု | ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |

၂။ တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၁၅-၁-၂၀၁၄ ရက် နံနက် ၁၀း၀၀ နာရီ
၃။ တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက် - ၂၇-၁-၂၀၁၄ ရက် မွန်းလွဲ ၁၆း၃၀ နာရီ
၄။ တင်ဒါရောင်းချမည့်နေ့ - ၃၀-၁-၂၀၁၄ ရက် နံနက် ၁၀း၀၀ နာရီ
၅။ တင်ဒါရောင်းချမည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
၆။ တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင်ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ**
**ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**
**ဖုန်း-၀၅၉-၂၃၅၃၉**

## ရေလမ်းကြောင်းသတိပေးနှိုးဆော်ချက်

ဘုရင့်နောင်တံတား အမှတ်(၂)စီမံကိန်း သံပေါင်တပ်ဆင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း (Temporary Support)လုပ်ငန်းများဆောင်ရွက်ရန် မရမ်းကုန်းဘက်ကမ်းရေလမ်းကြောင်း တိုင်အမှတ် RP-2 နှင့် RP-3 ကြားအား (၁၆. ၁. ၂၀၁၄)ရက်နေ့မှ စတင်၍ ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လှိုင်သာယာဘက်ကမ်း ရေလမ်းကြောင်း တိုင်အမှတ် RP-4 နှင့် RP-5 ကြားအား (၁. ၂. ၂၀၁၄)ရက်နေ့မှ စတင်၍ ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

ရေလယ်ခန်းဖွင့် RP-3 နှင့် RP-4 ကြားအား ရေယာဉ်များသွားလာရန် ဖွင့်ပေးထားမည်ဖြစ်ပြီး ရေလမ်းကြောင်း ဖွင့်ထားစဉ်အတွင်း အောက်ဖော်ပြပါ စည်းကမ်းများအား လိုက်နာဆောင်ရွက်ရပါမည်။

(၁) ည (၆း၀၀)နာရီမှ နံနက် (၆း၀၀)နာရီအတွင်း မည်သည့် ရေယာဉ်မှဖြတ်သန်းသွားလာခြင်း မပြုရ။
(၂) တွဲပါသည့် ရေယာဉ်များ အဆန်သာဖြတ်ရန်။
(၃) တံတား၏အထက် (၁၀၀၀)မီတာနှင့် အောက်ဘက် (၁၀၀၀)မီတာတို့တွင် (Check Point)များ ထားရှိထားပြီး ရေဆန်စောင့်ဆိုင်းသည့် ရေယာဉ်များ ၎င်းနေရာမှ ကျော်လွန်ရပ်ထားခြင်း မပြုရ။
(၄) လုံးချင်း စက်တပ် ၁၀၀ ပေ အောက်ရေယာဉ်များ(Check Point)သို့ သတင်းပို့ပြီး ခွင့်ပြုချက် ရယူ၍ အစုန်/အဆန် ဖြတ်ခွင့်ပြုသည်။
(၅) ရေယာဉ်ကြံ့ခိုင်ရေး၊ ရေယာဉ်အထောက်အကူပြုမည့် ပစ္စည်းများ ပြည့်စုံစေရေးနှင့် ကျွမ်းကျင်ရေယာဉ်မောင်းများသာမောင်းနှင်ရေးတို့အား ရေယာဉ်ပိုင်ရှင်များမှ အထူးအလေးထားဆောင်ရွက်ရန်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်


ရွှေပီဖူး
အခွက်ထုပ်
ရှားစောင်းလက်ပပ်ချက်ဆေး
၀၁-၃၇၇၉၁၄၊ ၀၉-၅၁၀၄၅၅၁

ဝယ်ယူရရှိနိုင်သည့်ဆိုင်များ
Gandamar Wholesales
Capital Hypermarket
Sein Gay Har
Super One , Victoria
Day to Day
Fuji Shopping Center
Mi Tha Su , Royal Mart
Myanmar Big Shop



PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

အလှအပနှင့် အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ်

အလှအပနှင့် အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုအမျိုးမျိုး (Plastic Surgery)ကို အလှအပနှင့်အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုနယ်ပယ်တွင်အတွေ့အကြုံများစွာရှိသော **ထိုင်းနိုင်ငံမှဆရာဝန်ကြီး** ကိုယ်တိုင် ဇန်နဝါရီလ ၁၅ ရက်မှ ၁၈ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : enquiry.phih@spa.com.mm

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

တို့တစ်တွေရဲ့ ဗုဒ္ဓဂယာအုပ်စုထဲမှာ ဂုဏ်ပြုထိုက်သူတစ်ဦးဖြစ်လာတဲ့ **စတယ်လာ(ခ)မဖြူဖြူစိမ်း(Spike)**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် **"သုဓမ္မသိင်္ဂီဘွဲ့"** တံဆိပ်တော် ချီးမြှင့်ခြင်းအတွက် လှိုက်လှိုက်လှဲလှဲဝမ်းမြောက်မိပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာလုပ်ငန်းများကို စိတ်ရှိတိုင်း ဆောင်ရွက်နိုင်ပါစေကြောင်း ဂုဏ်ပြုဆုတောင်းအပ်ပါသည်။

**Dr.မောင်ဦးနီ၊ ကြူ၊ ကျော့၊ မာ၊ ခိုင်၊ လတ်၊ နု၊ နန်း၊ ဘုတ်၊ မြင့်၊ ဝေ၊ ယု**

# အထူးဝမ်းမြောက်ခြင်း

နှစ်ဖက်သော ဘိုး၊ ဘွားများအတွက် ကိုအောင်ပြည့်စုံ-မမျိုးရတနာထိုက်မှ သမီးဦးရတနာလေးကို ၆-၁-၂၀၁၄ ရက်တွင် ဖွားမြင်သန့်စင်ခြင်းအတွက် အထူးဝမ်းမြောက်မိပါသည်။ အမျိုးဘာသာ၊ သာသနာကို ချီးမြှောက်ထောက်ပံ့နိုင်သော ပညာရှိ အရိယာသူတော်ကောင်းတစ်ဦး ဖြစ်လာပါစေသတည်း။

**Dr.မောင်ဦးနီ၊ မာ၊ ကျော့၊ ခိုင်၊ လတ်၊ နု၊ ဘုတ်၊ နန်း၊ မြင့်၊ ဝေ၊ SPIKE၊ ယု**

OFFICE SPACE FOR RENT
Ready to Move In!
Building 15
MICT Park, Hlaing Township,
Contact @ 01 507215-6
09 49242377
email : sandra@newklink.com







